# PEACE Info (April 12, 2022)

- Junta soldiers detain woman along with her son on his third birthday
- Forty junta soldiers killed in Sunday clashes in southeastern Myanmar
- Military continues arson campaign throughout central Myanmar
- Gold Mining Contaminates Villager’s Water In Kachin State
- အနုပညာရှင်တွေ သင်္ကြန်ပွဲမှာမပါဝင်ကြဖို့ NUCC တိုက်တွန်း
- ယင်းမာပင်၌ NUG စာသင်ကျောင်း ၅၀ ခန့် ပြန်ဖွင့်
- ယင်းမာပင်နယ် ကျေးရွာနေအိမ်တချို့ မီးရှို့ဖျက်ဆီးခံရ
- ကလေးမြို့နယ်တွင် ၂ ရက်ဆက် ဖြစ်ပွါးသည့်တိုက်ပွဲတွင် စစ်ကောင်စီတပ်သား ၂၅ ဦးသေဆုံးဟု ကာကွယ်ရေးတပ်ဖွဲ့ပြောကြား
- ကလေးတွင် စစ်တပ်ပစ်သည့် လက်နက်ကြီးကျရောက်ပေါက်ကွဲ၊ ပြည်သူ ၁ ဦးသေဆုံးပြီး နေအိမ်ပျက်စီး
- ကလေးမြို့တောင်ပိုင်း တိုက်ပွဲများကြား ကျေးရွာတချို့မီးရှို့ဖျက်ဆီးခံရ
- တမူးမြို့က စစ်ကောင်စီစခန်းတခု သိမ်းပိုက်ခံရ၊ ကလေးမြို့နယ်တိုက်ပွဲအတွင်း စစ်ကောင်စီတပ် အကျအဆုံးများပြား
- ဂန့်ဂေါမှာ ၁၄ နှစ်သမီးကို စစ်ကောင်စီတပ်သားတွေ အဓမ္မကျင့်ပြီး မီးရှို့သတ်ဟု မိသားစုဝင်တွေပြော
- ပေါက်မြို့နယ်တိုက်ပွဲတွင် စစ်တပ်က အကျအဆုံးများပြီး ရွာများကိုမီးရှို့၊ ဒေသခံ ၁ သောင်းကျော် ထွက်ပြေးနေရ
- မတ္တရာ၊ ကင်းကျေးရွာတွင် မီးရှို့ခံထားရသည့် အလောင်း ၂ လောင်း ထပ်တွေ့
- ပင်လည်ဘူးမှာ ၁၂ ရက်ကြာ တိုက်ပွဲ ပြင်းထန်ခဲ့၊ နှစ်ဖက် အကျအဆုံးများ
- Cobra စစ်ကြောင်းက ပြောရေးဆိုခွင့်ရှိသူ ကိုရှိုင်းထက်နှင့် ဆက်သွယ်မေးမြန်းချက်
- ရေး-မော်လမြိုင် ကားလမ်းတွင် စစ်ယာဉ်တန်း တိုက်ခိုက်ခံရပြီး စစ်သား ၃၀ ခန့် သေဆုံး
- ပင်လောင်းမြို့နယ်တိုက်ပွဲ၌ စစ်ကောင်စီတပ်သား ၅ ဦးသေပြီး လက်နက်ခဲယမ်း သိမ်းဆည်းရမိ
- စစ်ကောင်စီတပ် အကြမ်းဖက်ပစ်သတ်မှုကြောင့် ကျဆုံးပြည်သူ ၁,၇၄၀ ကျော်လာ
- တပ်တွင်းမပြိုကွဲရေး အာရုံစိုက်နေရသည့် စစ်ခေါင်းဆောင်များ
- စစ်ကောင်စီတပ်၏ စစ်ရေးလှုပ်ရှားမှုများကြောင့် ပူတာအိုဒေသရှိ စစ်ရှောင်စခန်းများ ဖျက်သိမ်းခြင်း မပြုသေး
- သဃ်န်းညီနောင်အနီး စစ်ကောင်စီကင်းစခန်းကို KNLA သိမ်းပိုက်၊ကော့ကရိတ်တွင် ရဲ ၂ ဦး ပစ်သတ်ခံရ
- ပင်းတယမြို့မှ ကရင်နီစစ်ဘေးရှောင်များ စိုးရိမ်စိတ်များနှင့် နေရပ်ပြန်
- မုံးကိုးမြို့နယ်အတွင်း စစ်ကောင်စီတပ် အင်အားအများအပြားဖြည့်တင်းမှုရှိ
- သိန္နီစော်ဘွားဟော်နန်းကို စစ်ခေါင်းဆောင်ပိုင်ဟော်နန်းဖြစ်သွားမှာ ဒေသခံများစိုးရိမ်
- အာဏာသိမ်းပြီးနောက် အိုးအိမ်စွန့်ထွက်ပြေးရသူ မြန်မာ ၉ သိန်းကျော်ပြီ (ကုလပြောခွင့်ရ Dujarric)

---

# Junta soldiers detain woman along with her son on his third birthday

## After blindfolding Ma Wai and taking her away, troops arrived at her son's kindergarten to take him too

Wathone Nyein Aye | Published on Apr 12, 2022



Ma Wai and her son Thant Hpone Waiyan were kidnapped by junta soldiers last week. The photo is altered for privacy reason (Supplied)

Ma Wai, a 35-year-old single mother, was in an especially good mood on the morning of April 5 as she prepared to send packages of chicken and rice to her son's kindergarten to celebrate his third birthday.

Then a group of soldiers arrived at her home on Mahar Thukhita street in Yangon's Insein Township.

Her brother, 30, and elderly parents, both in their 70s, received the news shortly after the troops blindfolded Ma Wai and took her away. Having heard multiple stories of the junta targeting the family members of anti-coup protesters, they decided to go into hiding.

But they never imagined the soldiers would be so cruel as to take Ma Wai's young son.

They calculated that it would be safer to leave Thant Hpone Waiyan at the Best Choice Kindergarten with his teachers and friends. But troops arrived shortly after taking Ma Wai to kidnap the toddler too, a relative who would like to remain anonymous told Myanmar Now.

"It doesn't make sense," the relative said. "They'd already taken the mother. There was no reason for them to take the child as well."

Friends of the family speculated that the soldiers took the boy in order to psychologically torment Ma Wai as a means of extracting information from her. The whereabouts and status of the two are unknown.

Thant Hpone Waiyan was Ma Wai's only son. As well as caring for him, she had the role of breadwinner in her family and ran her own small ecommerce business. Ma Wai has worked to make money for her family since she was just 10 years old, when she would sell food.

After her husband left her while she was pregnant with Thant Hpone Waiyan, she took out loans to support her family.

"She had been making money for her parents and her brother. Even when she was married, she let her husband stay home while she went out to work. She's such a bright and honest woman who can't stand injustice," said the relative.

"The family has now lost the person they rely on the most and the child they love the most. Everyone's shaken to the core," he added.

Myanmar Now was unable to contact Ma Wai's parents or brother for comment. Their names have been withheld for their security. None of Ma Wai's family members are politically active. Her father used to work as a driver.

Ma Wai, a graduate of the Yangon Technological University, has never sided with a political party, but after last year's coup she was so angered by the military's actions that she joined street protests.

"She wasn't a fan of any political parties but she took part in the protests solely because it was unfair and she just couldn't stand by and watch," said a friend of Ma Wai's.

Ma Wai's relatives have received no information about her or her son since they were taken, and they dare not come out of hiding in search of her for fear of being detained themselves.

"The family doesn't dare to follow her as there's a risk that the military would arrest the family as well," said the friend. "It's hard as her parents are both very old now. They're in a very tight situation."

The junta has denied kidnapping Ma Wai's son. Military spokesperson Zaw Min Tun told Radio Free Asia on April 7 that reports of Thant Hpone Waiyan's detention were "nonsense".

"We haven't arrested any child.," he told the broadcaster. "There was absolutely no such incident."

In January  Zaw Min Tun admitted the junta had detained some children "out of necessity".

Since seizing power in last year's coup, the junta's forces have killed 132 children and detained another 216, two of whom are facing death sentences, according to figures from the underground National Unity Government (NUG).

https://www.myanmar-now.org/en/news/junta-soldiers-detain-woman-along-with-her-son-on-his-third-birthday

----------------------------------------------------------------------------------------------

## Forty junta soldiers killed in Sunday clashes in southeastern Myanmar

**The Myanmar military bombed the town of Lay Kay Kaw with fighters jets and fired artillery shells during the fighting**

Nyein Swe | Published on Apr 12, 2022



Resistance fighters seen during Sunday's battle in Lay Kay Kaw (PVTV)

A coalition of anti-junta forces killed 40 Myanmar military soldiers during a day of intense fighting in the Karen State town of Lay Kay Kaw on Sunday, the National Unity Government (NUG) has said.

Fighting broke out at around 2am, when some 300 junta troops clashed with the armed wing of the Karen National Union (KNU), which fought alongside a local resistance group called the Cobra Column.

The junta's forces bombed the area at least 20 times with two fighter jets, destroying civilian homes in the town's Ward 6, according to resistance fighters who shared photos and videos of the damage.




A junta artillery unit stationed on a hill to the south of the town also fired shells at the neighbourhood. The exact extent of the damage is not known. Fighting continued until 6pm on Sunday, the Cobra Column said in a statement.

Resistance fighters found the dead bodies of 12 junta soldiers, including officers, the statement added. The group released photos that showed the remains of several houses destroyed by the military's artillery shells and bombs.

"They've been opening fire from the aircrafts continuously. They also dropped bombs. We can now see clearly that the military is targeting civilian houses," said a spokesperson for the Cobra Column.

Fighting first broke out in Lay Kay Kaw in December last year after junta forces raided the town and made dozens of arrests. The KNU-controlled town had been seen as a haven for anti-coup activists who fled other parts of Myanmar to avoid being captured.

Several civilians have been killed and thousands displaced since then. There were no confirmed civilian casualties from Sunday's violence at the time of reporting.

Two 18-year-old resistance fighters named Maw Kun Thit and Aung Min Khant were killed on Sunday, while four other anti-junta fighters were injured, the Cobra Column spokesperson said.



Captured junta soldier Captain Tin Lin Khaing sits in front of weapons seized by the KNLA on Sunday (PVTV)

As well as killing 40 junta soldiers, the resistance fighters also captured a captain named Tin Lin Khaing from Light Infantry Division 44 and seized six machine guns, an RPG launcher, and several magazines of bullets, the NUG's statement said.

A Myanmar military defector named Major Tin Lin Aung fought alongside the resistance on Sunday and helped fire 81mm heavy artillery shells at the junta's forces, the Cobra Column statement said.

Tin Lin Aung deserted his post at Light Infantry Battalion 585 on March 25 and turned himself in to the KNU.

Pado Saw Taw Nee, a KNU spokesperson, said on Sunday that it was difficult to verify the exact details of the latest clash. “We told the military to withdraw but they sent more reinforcements and fighter jets, resulting in the continuation of the battle,” he said.

https://myanmar-now.org/en/news/forty-junta-soldiers-killed-in-sunday-clashes-in-southeastern-myanmar

---------------------------------------------------------------------------------------------------------

## Military continues arson campaign throughout central Myanmar

**Residents across Magway, Mandalay and Sagaing say the junta’s forces torched hundreds of homes in a matter of days and killed at least two civilians**

Moe Oo / Zaw Ye Thwe | Published on Apr 12, 2022



Locals in Sagaing’s Pale Township protest against the military while holding parts of buildings destroyed by the junta’s armed forces (Pale People Strike Committee)

During the first week in April, the Myanmar army set fire to and destroyed hundreds of homes in eight townships across Magway, Mandalay and Sagaing regions, according to local sources across the three regions.

The rampage across central Myanmar took place from April 2-7, they said, but attacks on communities in the region have been occurring daily for months.

As of April 1, a total of nearly 8,000 civilian homes have been destroyed by the junta’s forces nationwide in the 14 months since the February 2021 coup, according to Data for Myanmar, which is compiling information on military raids. Most of these homes have been in Magway and Sagaing, followed by neighbouring Chin State.

The military council denies responsibility for the arson, and has repeatedly blamed anti-junta resistance forces for perpetrating the crimes.

**Magway Region**

Three residents of Magway’s Pakokku District confirmed to Myanmar Now that five villages in total, including one Pakkoku Township, as well as one each in Seikphyu and Yesagyo and two in Pauk, were terrorised by the junta’s forces during the period in question.

In Pakokku Township, the community of Myit Phyar was targeted, they said.

“First, the military dropped bombs from aircrafts before the column on the ground fired heavy artillery shells at the village,” one of the men explained. “[Myit Phyar] was already empty, so they entered the village and torched the houses, one after another.”

Another local from Myit Phyar speculated that the attacks were related to the reported escape of a resistance fighter from the People's Defence Force (PDF) who had been captured by junta troops in the area.

"They came to our village in three military trucks to look for the missing PDF member and started torching our village for no reason at all," he told Myanmar Now.

The photos and videos seen by Myanmar Now indicate that the affected houses were completely reduced to ashes, with only remnants of roofing and cement left behind.

The number of civilians displaced by the assaults in Pakokku District was not known at the time of reporting.

**Mandalay Region**

A junta convoy of some 13 trucks attacked the village of Kin in Mandalay's Madaya Township on April 7, torching some five houses, a resident of the community told Myanmar Now.

An officer in the township's anti-junta defence force claimed that members of the Pyu Saw Htee militia network accompanied the soldiers and instructed them regarding which homes to burn.



A house in Kin village that was destroyed by the military and is seen on April 9 (Supplied)

"The soldiers didn't even know which house belonged to whom. The Pyu Saw Htee members pointed at the houses, the owners of which were either the people they didn't like or their business rivals," he said. "Only then did the soldiers start torching the houses."

At the time of the April 7 raid on Kin, locals said that some 20 villagers were taken and interrogated by junta troops. Among them were Kyaw Soe, 50, and Yarzar Min, 29, whose bodies were reportedly found on Monday inside the burned remains of one of the five torched homes.

The military column left the village on the evening of April 8, with residents assuming that the two missing men had been taken hostage by the exiting soldiers. Their bodies were discovered in the burned home three days later.

"The homeowners couldn't come back to the village, so we couldn't do anything for their houses. We just had to leave them as they were. The locals started looking around as foul smells started coming out of that house," a resident of Kin said, explaining how the bodies of the two slain men were discovered.

The military had reportedly come to Kin to investigate the death of a novice monk known as Soe, who was shot dead earlier this month by unidentified forces after he was accused of being a military informant.

Soon after, another monk from the village, Pyinar Wuntha, who ran a monastic school in Kin, died in junta custody within one day of his arrest on April 3. His body was turned over to the Madaya morgue the following morning.

The military has killed at least 20 people in Madaya Township in the 14 months since the February 2021 coup, the resident who spoke to Myanmar Now said.

Myanmar Now is unable to independently verify the reports of raids, interrogation and murder in Kin village.

**Sagaing Region**

Junta troops burned some 67 homes in the village of Shauk Khar in Sagaing's Ayadaw Township following a clash between the Myanmar army and local defence forces in the area last week, a resident of Shauk Khar said.

"The resistance forces only shot back in order to provide cover and buy time for the villagers to escape," he explained, recalling the battle. "But the military started firing heavy artillery shells shortly after that, forcing the defence forces to withdraw. Then, the military started torching the village."

He said that a 25-year-old man was killed and a 60-year-old woman were injured during the fighting. Myanmar Now was unable to independently verify the claim.

Ultimately, the junta troops withdrew when defence forces started attacking them with drones as they looted and destroyed homes in Shauk Khar, he said.

In Sagaing's Wetlet Township, soldiers reportedly set fire to and destroyed almost the entire 1,000-household village of Ywar Nang on April 7.

Ngar Tin Gyi village in Khin-U, which is home to nearly 600 households, is said to have faced a similar fate four days earlier.

https://www.myanmar-now.org/en/news/military-continues-arson-campaign-throughout-central-myanmar

-----------------------------------------------------------------------------------------------------

## Gold Mining Contaminates Villager's Water In Kachin State

**KNG | 12th April 2022**




*Nam San Village google map*

Residents of a village in Kachin State have told KNG that their water source has become discoloured after large-scale gold mining took place nearby following the military coup in Burma over a year ago.

"Since the gold mining started, it's been very difficult to get clean water in our village. The water has become dirty and we're facing drought," a man from Nam Sam Yang said, on

condition of anonymity. He said they have to fetch clean water a mile away from the mine block site by motorbike or other vehicle.

Another villager, who also asked that his name not be published, said the authorities have failed to protect the environment and that their negligence has brought suffering to local people. “Although we don’t want anyone mining gold near our village, investors are buying up the gold mining blocks next to us. We don’t want to sell our land, but we’ve no other choice,” he told KNG.

Last December, the Kachin Independence Organisation (KIO) stopped all gold mining in their area. Nam Sam Yang is near Laiza, the de facto headquarters of the KIO, but the village is also close to a Burma Army (BA) camp.

The residents only returned in 2019, after fleeing fighting between the KIO’s armed wing, the Kachin Independence Army, and BA in 2011.

Before the coup, miners extracted the gold using traditional methods that had far less impact on the environment, but military-linked companies have brought in large earth-moving machines that are destroying the land and water.

https://kachinnews.com/2022/04/12/gold-mining-contaminates-villagers-water-in-kachin-state/

---------------------------------------------------------------------------------------------------

## အနုပညာရှင်တွေ သင်္ကြန်ပွဲမှာမပါဝင်ကြဖို့NUCC တိုက်တွန်း

2022.04.12



(၂၀၁၉ ခုနှစ်က ရန်ကုန်မြို့မှာ သင်္ကြန်ပွဲကို ဆင်နွှဲခဲ့ကြသူတွေကို တွေ့ရစဥ်။) Photo:AFP

အနုပညာရှင်တွေ၊ ထင်ရှားကျော်ကြားသူတွေအနေနဲ့ ပြည်သူတွေနဲ့ပူးပေါင်းပြီး ၂၀၂၂ ခုနှစ်မှာ ကျရောက်တဲ့ ၁၃၈၄ ခုနှစ် မြန်မာနှစ်သစ်ကူးအတာသင်္ကြန်ကို တော်လှန်သင်္ကြန်အဖြစ် ပုံဖော်ကြဖို့ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ NUCC က ကြေညာချက်ထုတ်ပြန် ပြောလိုက်ပါတယ်။

စစ်ကောင်စီက သင်္ကြန်ကို နိုင်ငံရေးအရ အမြတ်ထုတ်ဖို့ ပြင်ဆင်နေတာကြောင့် အခုလို ကြေညာချက် ထုတ်ပြန်ရတာ ဖြစ်တယ်လို့ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီဝင် ဦးတိုးကျော်လှိုင်က ပြောပါတယ်။

“ အကြမ်းဖက်စစ်အုပ်စုက သင်္ကြန်မှာ နိုင်ငံရေးအရ အမြတ်ထုတ်ဖို့ တော်တော်လေးပြင်ဆင်နေတယ်။ စစ်အုပ်ချုပ်ရေး အသားကျသွားတဲ့ပုံစံမျိုး။ သူတို့က မြန်မာတစ်နိုင်ငံလုံးရဲ့ အုပ်ချုပ်ရေးယန္တရားကို အေးအေးချမ်းချမ်းနဲ့ တည်ဆောက်ထားနိုင်တယ်ဆိုတဲ့ ပုံစံမျိုး လုပ်ချင်တယ်။ ဌာနဆိုင်ရာမဏ္ဍပ်တွေ၊ သူတို့ပိုင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ မဏ္ဍပ်တွေကို သူတို့ပိုင်တဲ့ မီဒီယာတွေကနေ ထုတ်လွှင့်ဖို့ လုပ်နေတယ်။ လူထုက ဘယ်လောက်ပျော်ရွှင်နေတယ်ဆိုတာကို ပြဖို့လုပ်နေတယ်။ ”

စစ်ကောင်စီရဲ့ အမျိုးမျိုးသောစည်းရုံးမှု၊ ခြိမ်းခြောက်မှု၊ အကြပ်ကိုင်မှုတွေမှာ ပြည်သူတွေကပါဝင်ပြီး သင်္ကြန်ပွဲကို ဆင်နွှဲတာမလုပ်ဖို့နဲ့ ဒီပျော်ပွဲရွှင်ပွဲကို အခွင့်ကောင်းယူပြီး အကြမ်းဖက်မှုတွေကို စစ်ကောင်စီက ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်တာကို သတိထားဖို့လိုတယ်လို့ သူကပြောပါတယ်။

ပြည်တွင်း၊ ပြည်ပမီဒီယာတွေအနေနဲ့လည်း စစ်ကောင်စီရဲ့ သင်္ကြန်သတင်းတွေကို အမှောင်ချခြင်းနည်းနဲ့ ပူးပေါင်းပါဝင်ပေးဖို့ NUCCက တိုက်တွန်းထားပါတယ်။

မြန်မာ့ရိုးရာသင်္ကြန်ပွဲကို စစ်ကောင်စီက ရန်ကုန်အပါအဝင် နိုင်ငံတစ်ဝန်းမှာ ကျင်းပဖို့ စီစဉ်နေပါတယ်။ လုံခြုံရေးအားကောင်းတဲ့နေရာနဲ့ ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး ထိန်းသိမ်းနိုင်တဲ့နေရာတွေမှာ သင်္ကြန်ပွဲကို လုပ်ဆောင်သွားမယ်လို့ စစ်ကောင်စီပြောခွင့်ရသူ ဗိုလ်ချုပ်ဇော်မင်းထွန်းက RFA ကို ဧပြီလဆန်းမှာ ပြောထားပါတယ်။

ကပ်ရောဂါ စတင်ဖြစ်ပွားတဲ့ ၂၀၂၀ ခုနှစ်ကစလို့ မြန်မာနိုင်ငံမှာ သင်္ကြန်ပွဲကို လူထုက မဆင်နွှဲကြတာဖြစ်ပါတယ်။

အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၊ နိုင်ငံရေးပါတီတွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ သပိတ်ကော်မတီတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ အာဏာရှင်ဖီဆန်ရေးလူထုလှုပ်ရှားမှုမှာပါဝင်ကြသူတွေနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။

https://www.rfa.org/burmese/news/nucc-said-to-celebrity-do-not-involve-in-water-festival-04122022113922.html

---------------------------------------------------------------------------------------------------

## ယင်းမာပင်၌ NUG စာသင်ကျောင်း ၅၀ ခန့် ပြန်ဖွင့်

Published By DVB | 12 April, 2022



စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်ထဲက ကျေးရွာတချို့မှာ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)ရဲ့ လမ်းညွှန်ချက်နဲ့ ကြားကာလပညာရေးအဖြစ် စတင်ဖွင့်လှစ် သင်ကြားပေးနေတဲ့ အခြေခံပညာ စာသင်ကျောင်းပေါင်း ၅၀ လောက်ရှိနေပြီလို့ ဒေသခံ PDF အဖွဲ့ထံက သိရတယ်။

ယင်းမာပင်မြို့နယ်ထဲက ကျေးရွာတွေမှာ စစ်ကောင်စီရဲ့အုပ်ချုပ်ရေးယန္တရားနဲ့ စစ်ကျွန်ပညာရေးကို ဆန့်ကျင်တားဆီးနိုင်ခဲ့ပြီး ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့နဲ့ ပြည်သူ့ကာကွယ်ရေးအဖွဲ့တွေ ဖွဲ့စည်းကာ ဖေဖော်ဝါရီ ၄ ရက်ကစလို့ စာသင်ကျောင်းတွေကို စတင်ဖွင့်လှစ်ခဲ့တာလို့ ဒေသခံ PDF အဖွဲ့ ခေါင်းဆောင်ဆရာစံက ဒီဗွီဘီကိုပြောပါတယ်။

“NUG အစိုးရရဲ့ အခြေခံအုတ်မြစ်အဖြစ် အုပ်ချုပ်ရေး ယန္တရားတွေကို အထူး တည်ဆောက်နေပါတယ်။ ယင်းမာပင်မြို့နယ်အတွင်းမှာ လက်ရှိအချိန်အထိ စာသင်ကျောင်းပေါင်း ၅၀ ဝန်းကျင်ဖွင့်လှစ်ထားနိုင်ပြီး ကျောင်းတက်ရောက်သူ ၈၀ ရာခိုင်နှုန်းအထိ ရှိနေပါတယ်။ တော်လှန်ရေးကာလ ပညာရေးဖြစ်တဲ့အတွက် အတန်းအောင်ခြင်း မအောင်ခြင်းက အဓိကကျသလား၊ ပညာကအဓိက ကျသလားဆိုတာ တွေးဖို့လိုပါတယ်။ အမျိုးသားညီညွတ်ရေးအစိုးရလက်အောက်က ပညာရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်အတိုင်း လပတ်စာမေးပွဲ၊ အတန်းတင်စာမေးပွဲတွေ လုပ်ပေးမဲ့ပေါ်မူတည်ပြီး အောင်မြင်မှုအတိုင်းအတာကို ဖော်ပြပေးမဲ့ အချိန်တခုကို ကျနော်တို့ ယုံကြည်ချက်ရှိသလို မိဘပြည်သူနဲ့ ကျောင်းသားအားလုံး ယုံကြည်ချက်ရှိရှိ ပညာသင်ကြားပေးကြဖို့ တောင်းဆိုချင်ပါတယ်” ဆရာစံက ပြောပါတယ်။

လက်ရှိ ပထမတန်းမှာ ပညာသင်ကြားနေတဲ့ ကျောင်းသားမိဘတဦးက “ကလေးတွေက စာတွေနဲ့ ဝေးနေတာကြာပြီဆိုတော့ အခုလိုကျောင်းတွေ ပြန်ဖွင့်တဲ့အပေါ်မှာ အတိုင်းမသိဝမ်းသာပါတယ်။ ကျမကလေးဆိုရင် ၈ နှစ်ထဲကို ရောက်နေပြီ အခုမှ ပထမတန်း စတက်ရတာဆိုတော့ နောက်တချိန်

ကလေးတွေရဲ့ အနာဂတ်က အဆင်ပြေနိုင်ဘူး။ NUG ကဖွင့်ပေးတဲ့ ကျောင်းမျိုးမှာပဲ အေးအေးချမ်းချမ်း ပညာသင်ကြားခွင့်ရစေချင်တာပါ။ စစ်အာဏာရှင်လက်အောက်က ကျောင်းတွေမှာတော့ ဘယ်လိုမှ ကျောင်းမထားချင်ပါဘူး” လို့ ပြောပါတယ်။

အဆိုပါကျောင်းတွေမှာ CDM ကျောင်းဆရာ၊ ဆရာမတွေနဲ့ ရပ်ရွာအတွင်းမှာရှိတဲ့ ၁၀ တန်းအောင်၊ ဘွဲ့ရသူတွေက ပရဟိတအနေနဲ့ ပညာသင်ကြားပေးနေတာဖြစ်ပြီး ကျောင်းတကျောင်းမှာ ဆရာ၊ ဆရာမ ဦးရေ ၃၀ ကျော်ရှိတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားမှုကြောင့် နိုင်ငံအနှံ့ရှိ စာသင်ကျောင်းတွေကို ၁ နှစ်တာ ယာယီပိတ်ထားခဲ့ရပြီး ၂၀၂၁ ခုနှစ်က စစ်အုပ်စု အာဏာသိမ်းမှုကြောင့် လက်ရှိအချိန်အထိ ပညာရေး ယန္တရား ရပ်နားလုနီးပါး ဖြစ်နေခဲ့တာပါ။

https://burmese.dvb.no/archives/527320

----------------------------------------------------------------------------------------------------

## ယင်းမာပင်နယ် ကျေးရွာနေအိမ်တချို့ မီးရှို့ဖျက်ဆီးခံရ

၁၂ ဧပြီ၊ ၂၀၂၂ | အလိမ္မာ

စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်ထဲက ဘန့်ဘွေးကျေးရွာအုပ်စုကို စစ်ကောင်စီတပ်တွေ ဝင်ရောက် ရှာဖွေ ရှင်းလင်းနေတာမှာ ရေသောက်ကန်တောပြင်ကျေးရွာ၊ ကန်စုကျေးရွာ စတဲ့ ကျေးရွာတွေက နေအိမ်တွေ မီးရှို့ခံခဲ့ရပါတယ်။ လွန်ခဲ့တဲ့ ၁ လကျော်ကတည်းက ဒေသထဲမှာတပ်စွဲပြီး စစ်ကောင်စီတပ်တွေ နယ်မြေရှင်းလင်းနေတာကြောင့် ဒေသခံတောင်သူတွေ ဘေးလွတ်ရာမှာ ထွက်ပြေး ပုန်းခိုနေကြရပါတယ်။ ယင်းမာပင်မြို့နယ်ထဲမှာ ဒီနေ့ အထိ ဖြစ်နေတဲ့အခြေအနေတွေအကြောင်း ရန်ကုန်ကလာတဲ့သတင်းကို အလိမ္မာက တင်ပြပေးထားပါတယ်။

စစ်ကိုင်းတိုင်းထဲမှာ စစ်ကောင်စီတပ်တွေနဲ့ ပြည်သူ့ကာကွယ်ရေးအဖွဲ့တွေ တိုက်ပွဲတွေဖြစ်နေသလို စစ်ကောင်စီတပ်တွေကလည်း စစ်ကိုင်းမြို့နယ်တော်တော်များများမှာ နယ်မြေရှင်းလင်းနေပါတယ်။ ယင်းမာပင်မြို့နယ်ထဲက ဘန့်ဘွေးကျေးရွာနားမှာ ဧပြီလ ၃ ရက်နဲ့ ၄ ရက်နေ့တုန်းက တိုက်ပွဲအနည်းငယ်ဖြစ်ခဲ့ပြီးနောက် ဘန့်ဘွေးကျေး ရွာအုပ်စုထဲမှာပါတဲ့ ရွာတွေကို စစ်တပ်က ဝင်ရောက်ရှာဖွေ၊ ဖမ်းဆီး၊ သတ်ဖြတ်၊ မီးရှို့တာတွေ လုပ်နေတယ်လို့ ဒေသခံတွေက ပြောပြကြပါတယ်။ ဒီနေ့ ဧပြီ ၁၂ ရက်မှာတော့ အိမ်ခြေ ၃၀၀ ဝန်းကျင်ရှိတဲ့ ကန်စုကျေးရွာထဲကို စစ်တပ်တွေ ဝင်ရောက် မီးရှို့ခဲ့တာကြောင့် အိမ်အလုံး ၃၀ ကျော် မီးလောင်ခဲ့တယ်လို့ ခုလိုပြောပြပါတယ်။

“ဒီကနေ့ ကန်စုမှာက ၁၀ နာရီလောက်က ရှို့နေတာပေါ့နော်။ အခု အချိန်ထိလည်း လောင်နေဆဲပေါ့။ အခုတော့ ကျေးရွာကလူတွေ တော်တော်များများ တောထဲ ရှောင်တိမ်းနေကြတာဆိုတော့ ၃၅ အိမ်တော့ ပါသွားတယ်ကြားတယ်။”

ဧပြီ ၁၁ ရက် တနင်္လာနေ့ကလည်း ဘန့်ဘွေးကျေးရွာအုပ်စုထဲကပဲ လူဦးရေ ၂၀၀ ဝန်းကျင်လောက်ရှိတဲ့ ရေသောက်ကန်တောပြင်ကျေးရွာက အိမ်တွေကို မီးရှို့ခဲ့တာကြောင့် နေအိမ် ၁၈ လုံး မီးထဲပါသွားတယ်လို့ ဒေသခံတဦးက ပြောပါတယ်။

“မနေ့က ၁၁ ရက်နေ့ကတော့ ရေသောက်ကန်တောပြင်မှာရှိတဲ့ ဒီ တောမှာနေကြတဲ့တောင်သူတွေပေါ့ ဗျာ။ အဲ့ဒီအိမ်တွေလောင်တာ မီးရှို့ခံရတာ။ ၁၈ လုံးတော့ ပါသွားတယ် မနေ့က။ ”

စစ်တပ်လိုလားတဲ့ ပျူစောထီးတွေအင်အားကောင်းတဲ့ ဘန့်ဘွေးကျေးရွာထဲမှာ စစ်ကောင်စီတပ်တွေ ၁ လ ကျော်ကတည်းက စခန်းချပြီး အနီးအနားရွာတွေထဲ ဝင်ရောက် ရှာဖွေမီးရှို့တာတွေလုပ်နေတာလို့ ဒေသခံတွေက ပြောကြပါတယ်။ ဘန့်ဘွေးကျေးရွာအုပ်စုထဲမှာ ဘန့်ဘွေးရွာ၊ ဘန့်ဘွေးမြောက်ရွာ၊ နဘူတော၊ သိကြားစက်၊ ရွှေစု၊ ထန်းဇဉ်၊ လက်ပန်၊ ကံစု ဆိုတဲ့ ရွာ ၈ ရွာပါဝင်ပါတယ်။ ဘန့်ဘွေးရွာမှာ စစ်တပ်တွေ

စတင်တပ်စွဲနေချိန်ထဲက ကျန်ရွာတွေက ရွာသားတွေအားလုံး ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေကြတာ ၁ လခွဲလောက် ရှိနေကြပြီလို့ ဒေသခံတစ်ဦးက ခုလိုပြောပါတယ်။

"ဒီနေ့ဆိုရင် ရက်ပေါင်း ၄၆ ရက်၊ ၁ လနဲ့ ၁၆ ရက် ရှိပြီ။ အမြဲတမ်းလည်ပြီးကင်းလှည့်နေတာပဲ သူတို့ကတော့။ ဘန့်ဘွေးအုပ်စုထဲမှာ ရွာက ၈ ရွာပဲ ရှိတာ။ အဲ့ဒီ ၈ ရွာလုံး အကုန်ပြေးနေကြရတာဗျာ။ "

အခုနစ် ဖေဖော်ဝါရီလပိုင်းကစလို့ ယင်းမာပင်မြို့နယ်ထဲမှာ ပြည်သူ့ကာကွယ်ရေးတပ်တွေနဲ့ စစ်ကောင်စီတပ်တွေကြား ထိတွေ့တိုက်ပွဲတွေ စဖြစ်ခဲ့ပါတယ်။ အခုရက်ပိုင်း ဘန့်ဘွေးကျေးရွာတဝိုက် ထိတွေတိုက်ပွဲတွေမရှိဘဲ စစ်ကောင်စီတပ်တွေက ရွာတွေထဲကိုဝင်ပြီး မီးရှို့တာလို့ ဒေသခံတွေ ပြောပါတယ်။ စစ်တပ်တွေ ရွာထဲဝင်လာကြရင် ရွာသားတွေကို ဖမ်းဆီးတာ၊ သတ်ဖြတ်တာတွေအပြင် အိမ်တွေ ရာနဲ့ချီ မီးရှို့နေတာကြောင့် ဘေးကင်းရာ ထွက်ပြေးနေကြတာလို့ တောင်ယာအလုပ်လုပ်ကြတဲ့ ရွာခံတွေက ပြောပါတယ်။ တချို့တွေက စစ်ကောင်စီတပ်တွေ ထွက်သွားတဲ့အချိန် ရွာကို ပြန်လာနေကြတာမျိုးတွေ ရှိပေမယ့် ပြောင်းရွှေ့ရခက်တဲ့ သက်ကြီးရွယ်အိုတွေ၊ ကလေးငယ်တွေ များတဲ့ မိသားစုတွေကတော့ တောထဲမှာပဲ နေနေကြရတာပါ။ လက်ရှိမှာတော့ ယင်းမာပင်ဘက်က အိုးအိမ်စွန့် ထွက်ပြေးနေကြသူတွေအတွက် စားသောက်ရေးနဲ့ နေထိုင်ရေးကိစ္စတွေမှာ အခက်အခဲတွေ အများကြီးရှိနေကြတယ်လို့ ဒေသခံတွေက ပြောကြပါတယ်။

https://burmese.voanews.com/a/myanmarviolence-sagaingfighting-voa-ယင[◌]◌းမာပင[◌]-မီး0ိ;ဇ-ဘန[◌]ၤေဘြ◌း-မီး0ိ;ဇ-စစ[◌]ေကာင္စီ-ပ်◌်ေစာထီး-ဗီြအိုေအ-ေရေသာက္တန[◌]ေတာ႕ပင[◌]/6525980.html

-----------------------------------------------------------------------------------------------------

## ကလေးမြို့နယ်တွင် ၂ ရက်ဆက် ဖြစ်ပွါးသည့်တိုက်ပွဲတွင် စစ်ကောင်စီတပ်သား ၂၅ ဦးသေဆုံးဟု ကာကွယ်ရေးတပ်ဖွဲ့ပြောကြား

By မဇ္ဈိမ | 12 April 2022



စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်အတွင်း နှစ်ရက်ဆက်တိုက် စစ်ကောင်စီတပ်ဖွဲ့နှင့် ကာကွယ်ရေးတပ်ဖွဲ့တို့ ပြင်းထန်တိုက်ပွဲများ ဖြစ်ပွားခဲ့ရာ စစ်ကောင်စီတပ်သား ၂၅ ဦး သေဆုံးသွားကြောင်း ကာကွယ်ရေး တပ်ဖွဲ့ များထံမှ သိရသည်။

"စစ်ကောင်စီတပ်တွေက နတ်ချောင်းရွာထဲက အိမ်တွေကို မီးရှို့နေတုန်း ကျနော်တို့ ပူးပေါင်းတပ်ဖွဲ့တွေ က ဝင်တိုက်ခိုက်ခဲ့ကြတာ" ဟု ချင်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (CNDF) ပြောရေးဆိုခွင့်ရှိသူမှ မဇ္ဈိမ ကိုပြောသည်။

ဧပြီလ ၁၁ ရက်နေ့ နံနက် ၆ နာရီ ၃၀ မိနစ်တွင် နတ်ချောင်းရွာအတွင်းသို့ ရောက်ရှိနေသော စစ်ကောင်စီအင်အား ၁၀၀ ဝန်းကျင်ခန့်အား နတ်ချောင်းစျေးတန်းနှင့် ပညာဗိဗ္ဗာန်လမ်းကြားတွင် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်မှ ၁၅ ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားကြောင်းသိရသည်။

နတ်ချောင်းကျေးရွာတွင် လူများနေထိုင်ခြင်းမရှိသော်လည်း ယမန်နေ့တိုက်ပွဲများတွင် စစ်ကောင်စီ တပ်သားများအထိနာခဲ့သဖြင့် ယခုကဲ့သို့ ပြည်သူများ၏နေအိမ်များအား မီးရှို့ခြင်းဖြစ်နိုင်ကြောင်း သုံးသပ် ပြောဆိုသည်။

ယင်းတိုက်ပွဲအား ချင်းကာကွယ်ရေးတပ်ဖွဲ့ (ကလေး ၊ ကဘော် ၊ ဂန့်ဂေါ) CDF – KKG ၊ ပြည်သူ့ ကာကွယ် ရေးတပ်ဖွဲ့ (ကလေး) PDF – Kalay နှင့် ပ.က.ဖ တို့မှ ပူးပေါင်းတိုက်ခိုက်ခဲ့ပြီး CNDF မှ ရဲဘော် နှစ်ဦး

လက်နက်ကြီးထိမှန်ဒဏ်ရာရရှိခဲ့ကာ တစ်ဦးမှာ အသက်အန္တရာယ်စိုးရိမ်ရပြီး နောက်တစ်ဦးမှာလည်း ဒဏ်ရာပြင်းထန် ကြောင်းသိရသည်။

ဧပြီလ ၁၀ ရက်နေ့ နံနက် ၁၁ နာရီတွင် ရန်ကြီးအောင်ရွာမှ စစ်ကြောင်းထွက်လာသော စစ်ကောင်စီတပ်ဖွဲ့ ယာဉ်တန်းနှင့် စစ်ကောင်စီ၏ ခြေလျင်တပ်အင်အား ၁၄၀ ခန့်အား ခွေကျိန်ရွာအထွက် တံတားအနီးတွင် ချုံခိုရှဲကြားဖြတ် အနီးကပ်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ချင်းအမျိုးသား ကာကွယ်ရေးတပ်ဖွဲ့ ( CNDF)၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ယင်းနေ့ ညနေ ၄ နာရီအချိန်တွင် ချောင်းခွရွာထဲသို့ရောက်ရှိပြီး နေအိမ်များဖောက်ထွင်းကာ ပစ္စည်းများ ခိုးယူ၍ နေအိမ်များမီးရှို့ဖျက်ဆီးနေစဉ်တွင် ချောင်းခွနှင့် နတ်ချောင်းရွာအကြား ထိတွေ့ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၀ ဦး သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း ဆိုသည်။

ယင်းတိုက်ပွဲအား CNDF နှင့်အတူ CDF – KKG တပ်ရင်း ၃ က ပူးပေါင်းတိုက်ခိုက်ခဲ့ပြီး ၎င်းတို့ဘက်မှ အထိ အခိုက်မရှိကြောင်းဖော်ပြထားသည်။

ယအခုအကြိမ် နတ်ချောင်းကျေးရွာအား စစ်ကောင်စီမှ မီးရှို့ဖျက်ဆီးမှုကြောင့် လူနေအိမ် ၁၀၀ မှ ၁၅၀ အတွင်း ပျက်စီးဆုံးရှုံးနိုင်ပြီး အသေးစိတ်စာရင်းအချက်အလက်များ ပြုစုလျက်ရှိနေကြောင်း ဒေသခံများ ထံမှ သိရသည်။

ကလေးမြို့နယ်တောင်ပိုင်းတွင် လတ်တလော စစ်ရေးတင်းမာမှုအခြေအနေများအရ ကလေး - ဂန့်ဂေါ လမ်းမကြီးအား ဧပြီလ ၉ ရက်မှ ရက်သတ္တပတ်အတွင်း ဖြတ်သန်းသွားလာခြင်းမပြုကြရန် Kalay – PDF က သတိပေး မေတ္တာရပ်ခံထားသည်။

https://www.mizzimaburmese.com/article/104328

----------------------------------------------------------------------------------------------------------

## ကလေးတွင် စစ်တပ်ပစ်သည့် လက်နက်ကြီးကျရောက်ပေါက်ကွဲ၊ ပြည်သူ ၁ ဦးသေဆုံးပြီး နေအိမ်ပျက်စီး

Published By DVB | 12 April, 2022



စစ်ကိုင်းတိုင်း၊ ကလေးမြို့ပေါ် တာဟန်းရပ်ကွက် ခရစ်ယာန်ဘုရားကျောင်းအနီးမှာ ဧပြီ ၁၂ ရက် ဒီမနက် ၃ နာရီခွဲလောက်က စစ်ကောင်စီတပ်က ပစ်ခတ်ခဲ့တဲ့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲတာကြောင့် ပြည်သူ တယောက် ဒဏ်ရာရရှိကာ နေအိမ်လည်း ပျက်စီးသွားတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ကလေးဒေသခံအမျိုးသမီးတစ်ဦးက "မနက်ပိုင်းကတည်းက ပစ်ခတ်နေတာ။ ဘာကြောင့်ပစ်တယ်တော့မသိဘူး။ ကိုယ့်အိမ်ကို အိပ်ရတာတောင် မလုံခြုံတဲ့ ဘဝတွေဖြစ်နေပါပြီ။ ကျမသဘောပြောရရင် သူတို့သတ္တိရှိရင် မြို့ပြင် စစ်မြေပြင်သတ်မှတ်ပြီး တိုက်ကြပါလား။ အခုဟာက အဲစစ်ကောင်စီတပ်တွေက ပြည်သူတွေနေတဲ့ ရပ်ကွက်ထဲပဲ ပစ်နေတာ။ PDFနဲ့လည်း ယှဉ်မတိုက်ရဲဘဲနဲ့ ထစ်ခနဲ့ဆို ပြည်သူ့အိမ်မီးရှို့မယ်၊ ပြည်သူတွေနေတဲ့ ရွာထဲ၊ မြို့ထဲပစ်ရအောင်လောက် စဉ်းစားနေကြတာ။ အခုလည်း ကျမတို့ရပ်ကွက်ထဲ စစ်ကောင်စီက လက်နက်ကြီးပစ်ခတ်လို့ လူတဦးဒဏ်ရာရတာရယ်၊ နေအိမ်တလုံး ပျက်စီးတာတွေလည်း ရှိတယ် " လို့ ပြောပါတယ်။

ကလေးမြို့ပေါ်မှာ ဧပြီလဆန်းပိုင်းကနေ စတင်ပြီး စစ်ကောင်စီတပ်တွေနဲ့ ပြည်သူ့ကာကွယ်ရေးတပ်တွေကြား တိုက်ပွဲဖြစ်ပွားနေတာ မကြာခဏ ဖြစ်ပွားနေပြီး စစ်ကောင်စီတပ်က ကလေးမြို့ပေါ်မှာ လုံခြုံရေး တင်းကျပ်စစ်ဆေးတာတွေ  လုပ်ဆောင်နေတယ်လို့ ကလေးမြို့နယ်ဒေသခံက ပြောပါတယ်။

https://burmese.dvb.no/archives/527305

-----------------------------------------------------------------------------------------------------------------

## ကလေးမြို့တောင်ပိုင်း တိုက်ပွဲများကြား ကျေးရွာတချို့မီးရှို့ဖျက်ဆီးခံရ

၁၂ ဧပြီ၊ ၂၀၂၂ | အလိမ္မာ

တိုက်ပွဲတွေဖြစ်ပွါးနေတဲ့ စစ်ကိုင်းတိုင်း ကလေးမြို့နယ်မှာ မနေ့ကရော ဒီကနေ့ဧပြီလ (၁၂) ရက်နေ့မှာပါ စစ်ကောင်စီတပ်ကနေ ကျေးရွာတွေကို မီးရှို့ခဲ့တယ်လို့ ဒေသခံတွေကပြောပါတယ်။ မနေ့က နတ်ချောင်းရွာမီးရှို့ခံရသလို ဒီကနေ့မှာ နတ်ချောင်းရွာအနီးက အောင်ချမ်းသာနဲ့သာစည်ရွာပါ မီးရှို့ခံရတာပါ။ အိမ်မီးရှို့ခံရွာသားတွေဟာ တောတောင်ထဲနဲ့ မြို့ပေါ်က ဆွေမျိုးသားချင်းတွေဆီမှာ ခိုလှုံနေရသလို စားသောက်နေထိုင်ရေးအခက်ခဲရှိနေပါတယ်။ ကလေးမြို့နယ်ရဲ့ စစ်ရေးအခြေအနေ ရန်ကုန်က ပေးပို့တဲ့သတင်းကို ကိုငြိမ်းချမ်းက တင်ပြပေးထားပါတယ်။

ကလေးမြို့နယ်၊ ကလေး-ဂန့်ဂေါလမ်းမပေါ်မှာရှိတဲ့နတ်ချောင်းကျေးရွာကို မနေ့ကဧပြီလ (၁၁) ရက်နေ့မှာ မီးရှို့ခံခဲ့ရပြီး ဒီကနေ့ဧပြီလ (၁၂) ရက်နေ့မှာ အောင်ချမ်းသာရွာကိုလည်း စစ်ကောင်စီတပ်က မီးရှို့ခဲ့တယ်လို့ နတ်ချောင်းဒေသခံ တဦးကအခုလိုပြောပါတယ်။

“မနေ့ကလည်း (၈၅)လုံးလောက်ပါသွားတယ်။ ဒီနေ့လည်း ထပ်ရှို့နေပြန်ပြီဗျာ။ (၁) နာရီ (၁၅) လောက်မှာရှို့တယ်။ အောင်ချမ်းသာမှာ ရှို့တယ်။ စည်သာမှာလည်း မီးရှို့တယ်ဗျ။ စည်သာရယ် အောင်ချမ်းသာရယ်ပေါ့။ စစ်ခွေးတွေလည်း ရှိသေးတယ်ဆိုတော့ ကျနော်တို့ ဘာမှလုပ်လို့မရသေးဘူး။ အခု (၂) နာရီ (၂၃) မိနစ်လောက်မှာ ထပ်ရှို့တယ်။ လောလောဆယ် စစ်ဆေးလို့မရသေးဘူးဗျ။ မီးရှို့ရတဲ့အကြောင်းပြချက်ကတော့ ရှို့ချင်လို့ကို ရှို့တာဖြစ်မှာနော်။”

ဒီကနေ့ မွန်းလွဲပိုင်းလောက်မှာ နတ်ချောင်းရွာအနီး အောင်ချမ်းသာရွာနဲ့စည်သာရွာကို မီးရှို့ခံခဲ့ရတယ်လို့သူကဆိုပေမယ့် လက်ရှိကျေးရွာတွေထဲမှာ စစ်ကောင်စီတပ်တွေရှိနေတာကြောင့်မီးလောင်မှုအခြေအနေကိုတော့ ဒီညနေ (၆) နာရီအထိ မသိရသေးပါဘူး။

နတ်ချောင်းကျေးရွာဟာ မနှစ် ဒီဇင်ဘာလကနေ ဒီနှစ် ဧပြီလအထိ (၄) ကြိမ်မီးရှို့ခံရပြီး အိမ်ခြေ (၂၀၀) နီးပါး မီးရှို့ခံခဲ့ရပါတယ်။ ပထမအကြိမ်တုန်းက နေအိမ်အလုံး ၄၀ ကျော်နဲ့ ဒုတိအကြိမ်မှာတော့ နေအိမ် ၇၀ ကျော် မီးလောင်ကျွမ်းခဲ့သလို အခုတကြိမ်က အများဆုံး မီးလောင်ကျွမ်းတာလည်းဖြစ်ပါတယ်။

နတ်ချောင်း၊ အောင်ချမ်းသာ၊ စည်သာ စတဲ့ အိမ်မီးရှို့ခံရွာသားထောင်ကျော်ဟာ တောတောင်ထဲမှာနဲ့ နီးစပ်ရာဆွေမျိုး သားချင်းအိမ်မှာခိုလှုံနေရပြီး စားသောက် နေထိုင်ရေးမှာအခက်ခဲရှိနေတယ်လို့ နတ်ချောင်းကျေးရွာဒေသခံကပဲ ဆက်ပြောပါတယ်။

“ဘယ်လိုမျိုးနေထိုင်ကြလဲဆို တောင်ကြောတွေပေါ့။ ရေကောင်းတဲ့တောင်ကြောတွေကို အဲဒီလို အကာကွယ်ယူပြီးတော့ တဲတွေဘာတွေ ထိုးပြီးနေကြတာပေါ့။ စုစုပေါင်း ထောင်လောက်ရှိမှာဗျ။ ပိုက်ဆံရှိတဲ့လူကတော့ မြို့ပေါ်တက်ပြီးတော့ နေကြတာပေါ့။ အိမ်ငှါးတဲ့သူလည်း အိမ်ငှါးပြီးနေကြတယ်။ နောက်ပြီးတော့ ဆွေမျိုးသားချင်းတွေအိမ်မှာ နေတဲ့သူလည်းနေ၊ နောက်ပြီးတော့ ဘုန်းကြီးကျောင်းမှာလည်း နေကြတာပေါ့။ တောတွေမှာ ပြန်နေကြတာများပါတယ်။ ဘယ်လို အခက်ခဲရှိသလဲဆိုရင်တော့ ဆန်၊ ဆီ၊ ဆားတွေပေါ့နော်။ အဲဒီလိုမျိုးတွေပေါ့။ လိုအပ် လာနိုင်တယ်ပေါ့။ အခက်ခဲတွေရှိလာနိုင်တယ်။ ”

ကလေးမြို့နယ်တောင်ပိုင်းမှာ ဒေသခံပြည်သူ့ကာကွယ်ရေးအဖွဲ့နဲ့ စစ်ကောင်စီတပ်တွေအကြား ပစ်ခတ်တိုက်ခိုက် မှု တွေဖြစ်ပွါးနေပါတယ်။

မနေ့ကဧပြီလ (၁၁) ရက်နေ့မှာ နတ်ချောင်းကျေးရွာဘက်ကို ထိုးစစ်ဆင်လာတဲ့စစ်ကောင်စီတပ်ကို ဒေသခံ PDF အဖွဲ့တွေက မိုင်းခွဲတိုက်ခိုက်ခဲ့တယ်လို့ ကလေးမြို့နယ်ကာကွယ်ရေး PDF အဖွဲ့ တာဝန်ရှိသူတဦးကပြောပါတယ်။

"ဒီနှမ်းခါးကနေပြီးတော့လေ တပ်မကြီးတခုလုံးဆင်းလာတာ။ မနေ့ကနတ်ချောင်းမှာအိပ်တယ်။ ကားကအစီး(၃၀)လောက် လောက်ရှိတယ်ဗျ။ အဲတာဖြတ်သန်းလာတာကို ကျွန်တော်တို့ PDFအဖွဲ့က တလမ်းလုံး မိုင်းဆွဲတိုက်ခိုက်တယ်ဗျ။ မနေ့ကတော့သူတို့(၃၅)ယောက်လောက်ကျတယ်။ အဲဒီမှာနတ်ချောင်းမှာရှိတဲ့အိမ်တွေကို မီးရှို့ ခဲ့ကြတယ်။ မင်းတို့တတွေ မီးရှို့မခံချင်ရင် PDFကိုမလာခိုင်းနဲ့ ဆိုတဲ့ပုံစံလုပ်တာဗျ။"

နတ်ချောင်းရွာဘက်ဖြစ်တဲ့တိုက်ပွဲမှာ စစ်ကောင်စီတပ်ဘက်ကထိခိုက်မှုများတယ်လို့ PDFဘက်ကပြောပေမဲ့ သီးခြား အတည်မပြုနိုင်သေးပါဘူး။ တိုက်ပွဲအခြေအနေနဲ့အိမ်မီးလောင်မှုဖြစ်စဉ်ကိုသိရှိဖို့ စစ်ကောင်စီပြောခွင့်ရကို ဆက်သွယ်ခဲ့ပေမဲ့မရခဲ့ပါဘူး။

လက်ရှိ ကလေးမြို့အတွင်းမှာ စစ်ကာင်စီတပ်နဲ့ ဒေသကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့တွေဖြစ်တဲ့ ပြည်သူ့ကာကွယ်ရေး အဖွဲ့ ပကဖ၊ PDF ကလေးနဲ့ ချင်းအမျိုးသားကာကွယ်ရေးအဖွဲ့ CNDF စတဲ့ပူးပေါင်းအဖွဲ့တွေ တိုက်ပွဲတွေဖြစ်နေတာ လနဲ့ချီ ရှိနေပါပြီ။ တိုက်ပွဲတွေကြောင့် ဘေးလွတ်ရာကို ထွက်ပြေး ပုန်းခိုနေကြရတဲ့ ဒေသခံတွေလည်း ထောင်နဲ့ချီရှိ နေပါတယ်။ မြန်မာစစ်ကောင်စီဖက်က ချင်းပြည်နယ်ရော စစ်ကိုင်းတိုင်းအတွင်းကိုပါ နယ်မြေရှင်းလင်းစစ်ဆင်ရေးတွေ ပြုလုပ်လာတဲ့နောက် ကျေးရွာတွေ မီးရှို့ဖျက်ဆီးခံရမှု ဆက်တိုက်ဆိုသလို ရှိလာနေတာပါ။
================

https://burmese.voanews.com/a/myanmarviolence-sagaingfighting-voaburmese-ကေလးၿမိဳ႕-နတ္ေခ်ာင္း-ေအာင္ျမင္သာ-မီးရႈိ႕-ၿပီးအိမ္ေအ-စစ္ေကာင္စီ-/6526136.html

----------------------------------------------------------------------------------------------------------

## တမူးမြို့က စစ်ကောင်စီစခန်းတခု သိမ်းပိုက်ခံရ၊ ကလေးမြို့နယ်တိုက်ပွဲအတွင်း စစ်ကောင်စီတပ် အကျအဆုံးများပြား

Published By DVB | 12 April, 2022



စစ်ကိုင်းတိုင်း တမူးမြို့နယ်က စစ်ကောင်စီလက်အောက်ခံရဲနဲ့ ပျူစောထီးပူးပေါင်းစခန်းတခု ဧပြီ ၁၁ ရက်နေ့က သိမ်းပိုက်ခံခဲ့ရပြီး ကလေးမြို့နယ်လည်း ၂ ရက်တာ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်သားတွေ အကျအဆုံးများတယ်လို့ သိရပါတယ်။

တမူးခရိုင် တမူးမြို့နယ် မြို့သစ်မြို့နယ်ခွဲ ထုံကတင် - တုံးမန လမ်းတလျှောက် ဆက်ကြေးကောက် သောင်းကျန်းနေတဲ့ စစ်ကောင်စီလက်အောက်ခံရဲတပ်ဖွဲ့တွေနဲ့ ပျူစောထီးအင်အား ၁၀ ယောက် လောက်ရှိတဲ့ စခန်းတခုကို တမူးပြည်သူ့ကာကွယ်ရေးတပ်မတော် စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့ PDF-CEU နဲ့ ပြောက်ကျားတပ်ဖွဲ့တို့က ဧပြီ ၁၁ ရက်နေ့မှာ အလစ်အငိုက် ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့တယ်လို့ PDF-Ceuက ထုတ်ပြန်ပါတယ်။



အဆိုပါစခန်းဝင်ရောက်စီးနင်းစဉ် ရဲတဦးနဲ့ ပျူစောထီးတဦး ထွက်ပြေးလွတ်မြောက်သွားပြီး စခန်းရှိ အပေါင်းပါအရပ်သားတွေနဲ့အတူ လက်နက်ခဲယမ်းတွေ သိမ်းဆည်းရမိခဲ့တယ်လို့ ဆိုပါတယ်။

အဆိုပါအရပ်သားတွေကို လူထုအား အနိုင်ကျင့် ဆက်ကြေးကောက်နေတဲ့ စစ်ကောင်စီတပ်နဲ့

ပူးပေါင်းဆောင်ရွက်မှု မလုပ်ကြဖို့ နောက်ဆုံးအကြိမ် သတိပေးပြောဆိုပြီး ပြန်လွှတ်လိုက်တယ်လို့ PDF-Ceu က ထုတ်ပြန်ထားပါတယ်။

တမူးမြို့ပေါ်မှာ စစ်ကောင်စီက သကြံန်မဏ္ဍပ်နှစ်ခု လက်ရှိ ဆောက်လုပ်နေပြီး ပြည်သူလူထုအနေနဲ့ စစ်ကောက်စီရဲ့ လက်အောက်ခံ သကြံန်မဏ္ဍပ်ကို သွားရောက်မလည်ပတ်ကြဖို့ တမူး PDF က မေတ္တာရပ်ခံထားပါတယ်။

ကလေးမြို့နယ်မှာလည်း ဧပြီလ ၁၀ ရက်နဲ့ ၁၁ ရက် နှစ်ရက်တာတိုက်ပွဲအတွင်း စစ်ကောင်စီတပ်သား ၃၅ ဦးထက်မနည်းကျဆုံးခဲ့ပြီး ပူးပေါင်းတပ်ဖွဲ့ဘက်က ရဲဘော် ၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့တယ်လို့ ကလေး PDF က ထုတ်ပြန်ထားပါတယ်။

စစ်ကိုင်းတိုင်း ကလေးမြို့နယ် နတ်ချောင်းကျေးရွာမှာ တပ်စွဲထားတဲ့ စစ်ကောင်စီတပ်ကို ဧပြီ ၁၁ ရက်နေ့ မနက်အစောပိုင်းက ကလေး PDF၊ CDF-KKG နဲ့ CNDF ပူးပေါင်းတပ်ဖွဲ့တွေ တိုက်ခိုက်ခဲ့တာကြောင့် စစ်ကောင်စီတပ်သား ၆ ဦးလောက် သေဆုံးပြီး ပူးပေါင်းတပ်ဖွဲ့က CNDF ရဲဘော် ၂ ဦး ဒဏ်ရာရရှိခဲ့တယ်လို့ ကလေး PDF က ဆိုပါတယ်။

ဒါ့အပြင် ကလေးနည်းပညာတက္ကသိုလ်ဘက်ကို ဦးတည်လာတဲ့ စစ်ကောင်စီစစ်ကြောင်းကို ဇင်းကလင်းရွာနဲ့ ကလေးတက္ကသိုလ်ကြားရှိ လမ်းပိုင်းပေါ်မှာ မနက် ၁၀ နာရီဝန်းကျင်လောက် ကလေး PDF တပ်ဖွဲ့က မိုင်းခွဲတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၃ ဦးလောက် ကျဆုံးခဲ့တယ်လို့ သိရပါတယ်။

အဲ့ဒီနေ့ညနေပိုင်းမှာပဲ နတ်မြောင်းရွာကနေ စည်သာရွာဘက် စစ်ကောင်စီ ခြေလျင်စစ်ကြောင်းအပါအဝင် စစ်ယာဉ်တန်းကို ကလေး PDF နဲ့ ပူးပေါင်းတပ်ဖွဲ့က အသင့်တပ်ဆင်ထားတဲ့ မိုင်း ၂၄ လုံးနဲ့ ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၁၀ ဦးလောက် သေဆုံးသွားတယ်လို့ ကလေး PDF က ထုတ်ပြန်ပါတယ်။

ဒါ့အပြင် စည်သာရွာနဲ့ကြာအင်းရွာကြားမှာ ကလေး PDF က မိုင်း ၂၉ လုံးနဲ့ ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၉ ဦးလောက် သေဆုံးခဲ့သလို ချင်းဆိုင်ရွာနဲ့ ဇင်ကလင်းရွာကြားမှာ မိုင်း ၁၂ လုံး နဲ့ ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၄ ဦးလောက် သေဆုံးတယ်လို့ ဆိုပါတယ်။

ဧပြီ ၁၁ ရက်နေ့ မိုင်းဆွဲတိုက်ခိုက်မှုဖြစ်စဉ်မှာ ကလေး PDF တပ်ဖွဲ့ဝင်တွေ ထိခိုက်ကျဆုံးမှုမရှိဘဲ ပြန်လည်ဆုတ်ခွာနိုင်ခဲ့တယ်လို့ ကလေးPDF တပ်ဖွဲ့ဝင်တဦးက ပြောပါတယ်။

ဧပြီ ၁၀ ရက်နေ့ ညနေပိုင်းကလည်း ကလေးမြို့နယ်တောင်ပိုင်း ရန်ကြီးအောင်ကျေးရွာကနေ နတ်ချောင်းကျေးရွာဘက် ဦးတည်လာတဲ့ စစ်ကောင်စီ ရိက္ခာတင်ယာဉ်အပါအဝင် ယာဉ်တန်းကို ကလေး PDF၊ CNDF နဲ့ CDF-KKG ပူးပေါင်းတပ်ဖွဲ့တွေက ချောင်းခွကျေးရွာ ပန်းမွှန်ချောင်းတံ့တားအနီးမှာ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာမှာ တိုက်ပွဲအပြင်းအထန်ဖြစ်ခဲ့ပြီး စစ်ကောင်စီတပ်သား ၂ ဦးသေဆုံးပြီး ပူးပေါင်းတပ်ဖွဲ့ဘက်က CNDF ရဲဘော် ၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့တယ်လို့ ကလေး PDF က ဆိုပါတယ်။

အကျအဆုံးများခဲ့တဲ့ စစ်ကောင်စီတပ်သားတွေဟာ ဧပြီ ၁၀ ရက်နေ့က အောင်ချမ်းသာကျေးရွာမှ ကျောင်းဆောင်ဝင်းအတွင်းရှိ အဆောင်တခုကို မီးရှို့ဖျက်ဆီးခဲ့တဲ့အပြင် ဧပြီ ၁၁ ရက်နေ့ကလည်း နတ်ချောင်းကျေးရွာမှ ပညာ့ဗိမာန်ကိုယ်ပိုင်အထက်တန်းကျောင်းအပါအဝင် နေအိမ် ၁၀၀ ဝန်းကျင်လောက် မီးရှို့ဖျက်ဆီးခဲ့တယ်လို့ သိရပါတယ်။

ကလေးနယ်တောင်ပိုင်းက ဒေသခံတွေကတော့ တိုက်ပွဲတွေနဲ့ စစ်ကောင်စီတပ်က နေအိမ်တွေ မီးရှို့ဖျက်ဆီးနေတာကြောင့် ထွက်ပြေးတိမ်းရှောင်နေရပြီး စားဝတ်နေရေး အခက်အခဲကြုံနေကြရပါတယ်။

လက်ရှိမှာတော့ ကလေးနယ်တောင်ပိုင်းမှာ စစ်ရေးတင်းမာနေပြီး ဒေသခံတွေအနေနဲ့ ကလေး-ဂန့်ဂေါလမ်းကြောင်းကို အသုံးမပြုကြဖို့ ကလေး PDF က မေတ္တာရပ်ခံထားပါတယ်။

တမူးမြို့နယ်နဲ့ ကလေးမြို့နယ် တိုက်ပွဲဖြစ်စဉ်တွေမှာ ထိခိုက်ဒဏ်ရာရမှုအခြေအနေကို စစ်ကောင်စီဘက်ကတော့ သတင်းထုတ်ပြန်တာ မရှိသေးပါဘူး။

https://burmese.dvb.no/archives/527239

----------------------------------------------------------------------------------------------------------------

## ဂန့်ဂေါမှာ ၁၄ နှစ်သမီးကို စစ်ကောင်စီတပ်သားတွေ အဓမ္မကျင့်ပြီး မီးရှို့သတ်ဟု မိသားစုဝင်တွေပြော

2022.04.12



မကွေးတိုင်း ဂန့်ဂေါမြို့နယ် ထယ်လှော်ရွာ မီးရှို့ခံထားရသည်အား ၂၀၂၁ အောက်တိုဘာလ ၄ ရက်နေ့က တွေ့ရစဉ် Photo: CJ

မကွေးတိုင်း ဂန့်ဂေါမြို့နယ် ထယ်လှော်ရွာသား သားအဖနှစ်ဦးကို ဧပြီလ ၄ ရက်နေ့မှာ စစ်ကောင်စီတပ်သားတွေ ဖမ်းဆီးပြီး အသက် ၁၄ နှစ်အရွယ် သမီးဖြစ်သူကို မုဒိမ်းကျင့် ခဲ့သလို နှစ်ဦးစလုံးကို မီးရှို့သတ်ဖြတ်ခဲ့တယ်လို့ မိသားစုဝင်တွေနဲ့ မျက်မြင်တွေ့သူတွေက ပြောပါတယ်။

အသတ်ခံလိုက်ရတဲ့ အသက် ၅၂ နှစ်အရွယ် ဦးအောင်ရဲနဲ့ အသက် ၁၄ နှစ်အရွယ် မမိုးမိုးထွေးတို့ဟာ တောင်ယာအလုပ်အပြင် တောထဲက ၄က်၊ ဖြူ စတဲ့ တောတွင်း တိရစ္ဆာန်တွေကိုဖမ်းပြီး ရောင်းချစားသောက်နေကြသူတွေပါ။

"နောက်ဆုံးအနေနဲ့ အဖေနဲ့ ညီမ မျက်နှာလေးကိုတောင် မမြင်လိုက်ရတဲ့ ဘဝဗျ"

သားအဖနှစ်ဦးစလုံး တောထဲအသွားမှာ စစ်ကောင်စီတပ်သားတွေရဲ့ ဖမ်းဆီးတာကို ခံလိုက် ရပြီး လက်ပြန်ကြိုးတုပ် မီးရှို့သတ်ဖြတ်ခဲ့တာလို့ လုံခြုံရေးအရ အမည်မဖော်လိုတဲ့ မျက်မြင် တွေ့ခဲ့သူ ထယ်လှော်ရွာသားတစ်ဦးက RFA ကို ပြောပါတယ်။

"ကျနော်တို့လည်း ရွာထဲကို ကြောက်ကြောက်နဲ့ ဖြည်းဖြည်းချင်း ဝင်ရတယ်။ သူတို့မီးရှို့ ထားခဲ့တဲ့အိမ်က ပြာကျနေပြီဗျ။ အိမ်ကို မီးသွားသတ်တဲ့အချိန်မှာ ရေလောင်းလိုက် တော့ ဒီလိုမျိုး အလောင်းတွေကိုတွေ့တာ။ အရှင်လတ်လတ် မုဒိမ်းကျင့် မီးရှို့ပြီး သတ် ထားခဲ့တာဗျ။ နှုတ်ပိတ်ထားခဲ့တာပေါ့ဗျာ"

မမိုးမိုးထွေးရဲ့ ရုပ်အလောင်းကိုတော့ တိုင်ခြေရင်းမှာ မျက်နှာဖုံးအုပ်ထားပြီး လက်ပြန်ကြိုး တုပ်ထားတဲ့ အနေအထားနဲ့ တွေ့ခဲ့ရပြီး ဦးအောင်ရဲရဲ့ ရုပ်အလောင်းကိုတော့ အိမ်မကြီး ထဲမှာ မီးလောင်ဒဏ်ရာနဲ့ တွေ့ခဲ့ရတာလို့ ဆိုပါတယ်။

အဖမ်းခံရတဲ့ညက မမိုးမိုးထွေးရဲ့ အော်ဟစ်သံတွေကို တောထဲမှာပုန်းနေရတဲ့ ရွာသား တွေက ကြားခဲ့ရတာနဲ့ မမိုးမိုးထွေးရဲ့ အလောင်းနားမှာ အသုံးပြုထားပြီးသား အမျိုးသမီး အင်္ကျီအတု ၃ ခုကိုပါ တွေ့ခဲ့ရတာကြောင့် မုဒိမ်းကျင့်ပြီးမှ အရှင်လတ်လတ် မီးရှို့အသတ် ခံရတာလို့ ရွာသားတွေက ယူဆပြောဆိုကြပါတယ်။

စစ်ကောင်စီတပ်သားတွေ ရွာထဲဝင်လာလို့ တစ်ရွာလုံး ထွက်ပြေးနေရတာကြောင့် ဘယ် တပ်က စစ်သားတွေလဲဆိုတာကို မသိနိုင်ဘူးလို့ ရွာသားတွေက ပြောပါတယ်။ မုဒိမ်းကျင့် ပြီးမှ အရှင်လတ်လတ် မီးရှို့သတ်ခဲ့တာလို့ ဒေသခံတွေရဲ့ ပြောဆိုချက်ကိုလည်း RFA က သီးခြားအတည်မပြုနိုင်ပါဘူး။

မမိုးမိုးထွေးဟာ မိသားစုထဲမှာ အသက်အငယ်ဆုံးဖြစ်လို့ ဖခင်ဖြစ်သူက စိတ်မချတာ ကြောင့် တောင်ယာလုပ်ချိန်နဲ့ တောထဲသွားချိန်မှာ အမြဲခေါ်သွားလေ့ရှိတယ်လို့ အဒေါ်ဖြစ်သူက ပြောပါတယ်။

“ဝမ်းထဲကနေ တော်တော်ခံစားရတယ်ရှင့်၊ အဖေက အရှေ့ခန်းမှာ၊ သမီးက အနောက် ခန်းမှာ။ အဲဒါ မုဒိမ်းကျင့်ပြီးမှ လုပ်တယ်ဆိုတော့ ဖအေကလည်း အော်တယ်လေ၊ သူ့ သမီးကိုဆိုတော့ အဲဒါ သတ်ပစ်တာတဲ့ရှင့်၊ သတ်ပြီးကာမှ မီးရှို့ခဲ့တာတဲ့ရှင့် ”

မိခင်ဖြစ်သူဟာ မမိုးမိုးထွေး အသက် နှစ်နှစ်အရွယ်ကတည်းက ဆုံးပါးသွားခဲ့ပြီး အသက် ၁၆ နှစ်အရွယ် အစ်ကိုနဲ့ အစ်မပဲ ကျန်ခဲ့တယ်လို့လည်း အဒေါ်က ဆိုပါတယ်။

မိုးမိုးထွေးရဲ့ အစ်ကိုကလည်း သူတို့မိသားစု အဖြစ်ဆိုးနဲ့ ကြုံရတာကို ဝမ်းနည်းနေပါတယ်။

“ကျနော့်အဖေနဲ့ ညီမ အသတ်ခံရတာကို ဝမ်းနည်းတယ်ဗျ။ ကျနော်ကလည်း ပိုက်ဆံ မရှိလို့ အလုပ်သွားရတာပါ။ ကျနော်လည်း ဘာမှမတတ်နိုင်ဘူးလေ။ နောက်ဆုံးအနေနဲ့ အဖေနဲ့ ညီမ မျက်နှာလေးကိုတောင် မမြင်လိုက်ရတဲ့ ဘဝဗျ။ တွေ့မယ့်တွေ့တော့ အရိုး ပဲတွေ့ရတယ်။ နောက်ဆုံးအနေနဲ့ ကျနော်တို့လည်း တွေ့ချင်တာပေ့ါ။ ဒါပေမဲ့လည်း ကျနော် ဘယ်တတ်နိုင်မလဲ ”

စစ်ကောင်စီတပ်တွေ ရွာထဲဝင်ရင် ပြေးမလွတ်မှာစိုးလို့ တစ်ရွာလုံး တောထဲကြိုတင်ရှောင် နေကြပေမယ့် တယ်လီဖုန်းမရှိတဲ့ မမိုးမိုးထွေးတို့ သားအဖကတော့ စစ်တပ်ဝင်လာတာကို မသိခဲ့ဘဲ တောထဲ ဟင်းသီးဟင်းရွက်သွားရှာရင်း အဖမ်းခံရတာလို့ ဒေသခံတွေက ပြောပါ တယ်။

စစ်ကောင်စီတပ်သား အင်အား ၇၀ လောက်ဟာ ဧပြီလ ၃ ရက်နေ့ နေ့လယ် ၁၂ နာရီဝန်း ကျင်မှာ ထယ်လျော်ရွာထဲကို ရောက်လာခဲ့ကြတယ်လို့ ဆိုပါတယ်။

စစ်ကောင်စီတပ်သားတွေဟာ ထယ်လျော်ရွာကို ပြီးခဲ့တဲ့နှစ် စက်တင်ဘာလ ၉ ရက်နေ့၊ အောက်တိုဘာ ၂ ရက်နေ့ နဲ့ ၃ ရက်နေ့အပြင် အခုနှစ် ဧပြီလ ၄ ရက်နေ့တွေမှာ စုစုပေါင်း လေးကြိမ်ရောက်လာပြီး ရွာထဲက အိမ်တွေကို မီးရှို့ခဲ့တာကြောင့် အိမ် ၃၈ လုံး မီးလောင် ပျက်စီးခဲ့ပါတယ်။

စစ်သားတွေ ကျူးလွန်တဲ့အမှုတွေကို အရပ်သားတရားရုံးက စီရင်ခွင့်မရှိတာကြောင့် ဘယ်လိုတရားစီရင်သလဲ ဆိုတာကို ဘယ်သူမှ မသိရဘူးလို့ ရှေ့နေဦးကြီးမြင့်က ပြောပါတယ်။

"၂၀၀၈ ဥပဒေ ပြဋ္ဌာန်းလိုက်ရော စစ်သားကျူးလွန်တဲ့အမှုကို အရပ်သားတရားရုံးနဲ့ ရဲစခန်းက အရေးယူခွင့် မရှိတော့ဘူး။ စစ်သားကျူးလွန်တာကို ရဲကဖမ်းရင် စစ်တပ်က ပြန်လာခေါ်သွားတယ်။ ပြန်ခေါ်သွားရင်လည်း ဘယ်ခုံရုံးက ဘယ်လိုစီစဥ်တယ်၊ ဘယ်လောက်ကြာမှာ ပြန်လွှတ်တယ်ဆိုတာမျိုး ဘယ်သူမှ မသိရတော့ဘူး"

အသက် ၁၄ နှစ်ဖြစ်လို့ ကလေးသူငယ်မုဒိမ်းဖြစ်ပြီး အလောင်းဖျောက်ဖျက်မှုနဲ့ မုဒိမ်းမှု တွေအပြင် ရည်ရွယ်ချက်ရှိရှိ မသေမချင်း သတ်တဲ့အမှုဖြစ်တာကြောင့် ပြစ်မှုထင်ရှားရင် သေဒဏ်အထိ အမိန့်ချမှတ်နိုင်တယ်လို့ ဦးကြီးမြင့်က ရှင်းပြပါတယ်။

အမျိုးသမီးတွေကို စစ်လက်နက်အဖြစ် အသုံးပြုတာ အခုမှမဟုတ်ဘဲ လွန်ခဲ့တဲ့ နှစ်ပေါင်း များစွာကတည်းက တိုင်းရင်းသားဒေသမှာလည်း ကျူးလွန်တာတွေရှိခဲ့တယ်လို့ မြန်မာနိုင်ငံ အမျိုးသမီးများအဖွဲ့ချုပ် အဖွဲ့ဝင် မလွေးပိုးငယ်က ပြောပါတယ်။

"အမျိုးသမီးတွေကို အင်အားသုံးပြီးတော့ အမျိုးသမီးရဲ့ ခန္ဓာဗေဒကို စစ်လက်နက်တစ်ခု သဖွယ် အသုံးပြုတာ ရွံရှာဖွယ်ကောင်းတဲ့ ရာဇဝတ်မှုတစ်ခုဖြစ်သလို ကျမတို့အနေနဲ့ လည်း ရှုတ်ချတယ်။ ကျမတို့အနေနဲ့ ဒီရာဇဝတ်မှုကို ကျူးလွန်တဲ့ ဘယ်သူ့ကိုမဆို ရှုတ်ချတယ်။ ဒီလို အမျိုးသမီးတွေကို စစ်လက်နက်လို အသုံးပြုနေသူတွေက ယနေ့ အထိ ကင်းလွတ်ခွင့်ရနေတဲ့အတွက် ဆက်လက်ပြီး ကျူးလွန်ခွင့်ရှိနေတယ်"

မြန်မာနိုင်ငံ နေရာအနှံ့အပြား ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်နေတဲ့ စစ်ကောင်စီတပ်သား တွေရဲ့ စစ်ရာဇဝတ်မှုတွေကို နိုင်ငံတကာခုံရုံးမှာ တရားစီရင်ဖို့ လိုအပ်တယ်လို့လည်း မလွေးပိုးငယ်က ဆိုပါတယ်။

မမိုးမိုးထွေးတို့ သားအဖနှစ်ဦး အသတ်ခံရတဲ့ကိစ္စအပေါ် တုံ့ပြန်မှုရဖို့ စစ်ကောင်စီပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းကို RFA က ဖုန်းနဲ့ဆက်သွယ်ခဲ့ပေမယ့်လည်း အကြောင်းမပြန်ပါဘူး။

https://www.rfa.org/burmese/news/14-year-old-girl-was-raped-and-burned-to-death-in-gangaw-04122022081950.html

-----------------------------------------------------------------------------------------------------------

## ပေါက်မြို့နယ်တိုက်ပွဲတွင် စစ်တပ်က အကျအဆုံးများပြီး ရွာများကိုမီးရှို့၊ ဒေသခံ ၁ သောင်းကျော် ထွက်ပြေးနေရ

Published By DVB | 12 April, 2022



မကွေးတိုင်း၊ ပေါက်မြို့နယ်မှာ ဧပြီ ၁၁ ရက် ညနေပိုင်းက ဒေသကာကွယ်ရေး မဟာမိတ်တပ်တွေနဲ့ စစ်ကောင်စီတပ်တွေ တိုက်ပွဲဖြစ်ပွားရာ စစ်ကောင်စီဘက်က ၁၀ ယောက်ထက်မနည်း သေဆုံးခဲ့တယ်လို့ ပေါက်တောင်ပိုင်း ပြောက်ကျားတပ်ဖွဲ့ကနေ သိရပါတယ်။

ပေါက်မြို့နယ်တောင်ပိုင်း ကျောက်အိုးကုန်း ရွာဘက်ကို ထိုးစစ်ဆင်လာတဲ့ စစ်ကောင်စီ တပ်သားတွေကို ဒေသကာကွယ်ရေး ညီနောင်မဟာမိတ်တပ်ဖွဲ့တွေက ပူးပေါင်းတိုက်ခိုက်ခဲ့တာလို့ SPGF တပ်ဖွဲ့ တာဝန်ရှိသူက ပြောပါတယ်။

“ကျနော်တို့ဘက်က ၄၀ မမတွေနဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သလို စနိုက်ပါလက်ချက်နဲ့ စစ်ကောင်စီတပ်သား ၁၀ ယောက်ထက်မနည်း သေဆုံးကာ အများအပြား ဒဏ်ရာရရှိသွားကြတယ်။ ”

အဲဒီတိုက်ပွဲကို ပေါက်တောင်ပိုင်းပြောက်ကျားတပ်ဖွဲ့ SPGF၊ CDF- ကန်ပက်လက်၊ CDF-မင်းတပ်၊ PDF-ကျောက်ထု၊ PDF-ဆော၊ YDF နဲ့ PPC တို့က ပူးပေါက်တိုက်ခိုက်ခဲ့တာဖြစ်ပါတယ်။

တိုက်ပွဲတွင်းမှာ ညီနောင်မဟာမိတ်တပ်ဖွဲ့တွေဘက်က ထိခိုက်ကျဆုံးမှုမရှိဘဲ ဆုတ်ခွာနိုင်ခဲ့ပေမဲ့ စစ်ကောင်စီတပ်သားတွေဟာ  တရွာဝင်တရွာထွက် ဒေသခံပြည်သူတွေရဲ့နေအိမ်တွေကို မီးရှို့ဖျက်ဆီးခဲ့ကြတယ်လို့ ဒေသခံက  ပြောပါတယ်။

စစ်ကောင်စီတပ်သားတွေဟာ မနေ့က တရက်တည်းမှာ ပေါက်မြို့နယ်ထဲက တောင်ချို၊ ဘို့မယ်၊ အင်းငယ်ထောင့်၊ ကျောက်အိုးကုန်းကျေးရွာတွေနဲ့ ဆိပ်ဖြူမြို့နယ်ထဲက ရှားလှကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့လို့ ဒေသခံပြည်သူတွေရဲ့ နေအိမ်အများအပြား မီးလောင်ဆုံးရှုံးခဲ့ရကာ ပြည်သူ ၁၀၀၀၀ ကျော် ဘေးလွတ်ရာကို ထွက်ပြေးနေကြရတယ်လို့ ဒေသခံတယောက်က ပြောပါတယ်။

အဆိုပါတိုက်ပွဲနဲ့ ပတ်သက်လို့တော့ ထိခိုက်သေဆုံးတဲ့ အခြေအနေကို စစ်ကောင်စီဘက်က သတင်းထုတ်ပြန်ထားတာ မတွေ့ရသေးပါဘူး။

https://burmese.dvb.no/archives/527299

----------------------------------------------------------------------------------------------------

## မတ္တရာ၊ ကင်းကျေးရွာတွင် မီးရှို့ခံထားရသည့် အလောင်း ၂ လောင်း ထပ်တွေ့

Published By DVB | 12 April, 2022

မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ ကင်းကျေးရွာမှာ မီးရှို့ခံထားရတဲ့ ရုပ်အလောင်းနှစ်လောင်းကို ဧပြီ ၁၂ရက်နေ့က ထပ်မံတွေ့ရှိခဲ့ရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ဧပြီလ ၁၁ ရက်နေ့ကလည်း ကင်းကျေးရွာသားနှစ်ဦးရဲ့ ရုပ်အလောင်းနှစ်ခုကို တွေ့ရှိခဲ့ရပြီး ဒီ မနက် အစောပိုင်းမှာ ရုပ်အလောင်းနှစ်လောင်းကို ထပ်မံတွေ့ရှိခဲ့တာလို့ ဆိုပါတယ်။



ဒီကနေ့ တွေ့တဲ့ ရုပ်အလောင်းတွေကိုတော့ ဘယ်သူဘယ်ဝါဆိုတာ အတည်မပြုနိုင်သေးဘူးလို့ ပကဖ(မတ္တရာ)ရဲ့ တာဝန်ရှိသူက ပြောပါတယ်။

"မီးရှို့ခံရတဲ့ အိမ်ရှင် မိသားစုတွေ မဟုတ်ဘူး။ မဟုတ်ဘူးဆိုတော့ စကစကပဲ ဖမ်းဆီးပြီးတော့ သတ်ပြီးမှ မီးရှို့လိုက်တာလား၊ ဒါမှ မဟုတ်ဘူးဆိုရင် ဖမ်းထားတဲ့လူတွေကို အရှင်လတ်လတ်ပဲ မီးရှို့သလားဆိုတာတော့ ကျနော်တို့ မသိရသေးဘူး" လို့ ပြောပါတယ်။



ကင်းကျေးရွာက နေအိမ်ငါးလုံးကို ဧပြီ ၈ ရက်နေ့က စစ်ကောင်စီတပ်တွေက မီးရှို့ဖျက်ဆီးခဲ့ပြီးတဲ့နောက် အဆိုပါ မီးလောင်ပြင်တွေကြားထဲကနေ အပုပ်နံ့တွေ ထွက်လာတာကြောင့် ရှာဖွေချိန်မှာ ရုပ်အလောင်း ၂ လောင်း မနေ့က တွေ့ရှိခဲ့ရတာပါ။

လတ်တလောမှာတော့ ကင်းကျေးရွာမှာ နေထိုင်သူ မရှိသလောက်နီးနီး စွန့်ခွာသွားကြပြီလို့ သိရပါတယ်။ ကင်းကျေးရွာဟာ အိမ်ခြေ ၁၀၀၀ ကျော်ရှိပြီး လူဦးရေ လေးထောင်ကျော် နေထိုင်တယ်လို့ သိရပါတယ်။

ကင်းကျေးရွာမှာ တော်လှန်ရေးကာလအတွင်း စစ်ကောင်စီတပ်တွေရဲ့ ဖမ်းဆီးသတ်ဖြတ်ခံရတာ သံဃာတော် ၁ ပါး နဲ့ ပြည်သူ ၆ ဦး ရှိပြီဖြစ်ပြီး မတ္တရာ တမြို့နယ်လုံးမှာ စစ်တပ်ရဲ့ သတ်ဖြတ်ခံရသူအယောက် ၂၀ ကျော် ရှိလာပြီလို့ သိရပါတယ်။

https://burmese.dvb.no/archives/527370

-----------------------------------------------------------------------------------------------------

## ပင်လည်ဘူးမှာ ၁၂ ရက်ကြာ တိုက်ပွဲ ပြင်းထန်ခဲ့၊ နှစ်ဖက် အကျအဆုံးများ

2022.04.12



စစ်ကိုင်းတိုင်း ပင်လည်ဘူးဒေသ တိုက်ပွဲတွင် PDF က သိမ်းဆည်းရမိသည့် စစ်တပ်ဘက်မှ အသုံးအဆောင် ပစ္စည်းများနှင့် လက်နက်ခဲယမ်းများကို တွေ့ရစဉ် Photo: CJ

စစ်ကိုင်းတိုင်း ပင်လည်ဘူးဒေသမှာ စစ်ကောင်စီတပ်တွေနဲ့ ဒေသခံ ကာကွယ်ရေးတပ် PDF တွေကြား ၁၂ ရက် ကြာ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်တပ်ဘက်က ဗိုလ်မှူးအဆင့်တစ်ဦး အပါ အဝင် ၄၀ ကျော် သေဆုံးခဲ့တယ်လို့ RFA က စုံစမ်းသိရှိရပါတယ်။

စစ်တပ်ဘက်က စတင်ထိုးစစ်ဆင်လာပြီး မတ်လ ၂၉ ရက်ကစပြီး ဧပြီ ၉ ရက်အထိ ၁၂ ရက်ကြာ တိုက်ပွဲမှာ စစ်တပ်ဘက်က လေကြောင်းကနေလည်း ပစ်ခတ်ခဲ့တယ်လို့ PDF တပ်ဖွဲ့ရဲ့ ပြောခွင့်ရှိသူတစ်ဦးက RFA ကို ပြောပါတယ်။

"သူတို့ဘက်က ဗိုလ်မှူး တစ်ယောက်၊ ဒု-ဗိုလ် တစ်ယောက်၊ တပ်ကြပ်ကြီး နှစ်ယောက်နဲ့ အခြားအဆင့် ၄၀ ကျော် ကျတယ်။ တိုက်ပွဲက ၁၂ ရက်ကြာတယ်။ သူတို့ဘက်က အရင် ထိုးလာတာ။ ပင်လည်ဘူးမြို့ထဲအထိ ဝင်တိုက်တာ။ သူတို့ဘက်က လေကြောင်းသုံးပြီး တိုက်ခိုက်လာလို့ ပြန်ဆုတ်ပေးထားတယ်၊ ရဟတ်ယာဉ်နဲ့ ၁၂ ကြိမ်၊ ဂျက်လေယာဉ်နဲ့ နှစ်ကြိမ်လာပစ်တယ်။ လူတွေချတယ် "

မတ်လ ၂၉ ရက်နေ့က ပင်လည်ဘူးမြို့နယ် ကပ္ပန္တာရွာမှာ စတင်ဖြစ်ပွားခဲ့ပြီး စစ်တပ်က ရဟတ်ယာဉ်နှစ်စင်းနဲ့ နှစ်ကြိမ်လာပစ်ခဲ့ရာ မနက်ပိုင်းမှာ PDF တပ်ရဲ့ စခန်းကုန်း ကျသွားခဲ့ပြီး ညနေပိုင်းမှာတော့ ပြန်သိမ်းယူနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

နောက်နေ့တွေမှာလည်း ပင်လည်ဘူးမြို့နယ် မံစီလေးအထိ စစ်တပ်က စစ်ကြောင်းထိုး လာရာ ဧပြီလ ၈ ရက်က ပင်လည်ဘူးမြို့ထဲ ထွေအုပ်ရုံး၊ စေတီကုန်း၊ ဘဏ်နဲ့ ရိပ်သာကုန်း တွေအထိ သိမ်းယူခဲ့ပြီး ရဲစခန်းကိုပါ ဆက်သိမ်းဖို့ လုပ်နေချိန် စစ်တပ်ဘက်က ဂျက်လေ ယာဉ်၊ စစ်ရဟတ်ယာဉ်နဲ့ပါ လာပစ်ခဲ့လို့ ပြန်ဆုတ်ပေးခဲ့ရတယ်လို့ PDF တွေဘက်က ပြောပါတယ်

ပင်လည်ဘူးမြို့ မြောက်ဘက် ၈ မိုင်ခန့်အကွာမှာ KIA နဲ့ PDF ပူးပေါင်းစခန်းတွေ ဆောက် နေတာသိလို့ နယ်မြေလုံခြုံရေးစိုးမိုးရေး လုပ်ခဲ့တယ်လို့ စစ်ကောင်စီရဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် ဇော်မင်းထွန်းက RFA ကို ပြောပါတယ်။

"အဲဒီမှာ မြောက်ဘက်နဲ့ အရှေ့ဘက်ကို လုံခြုံရေးတပ်တွေ ရောက်နေတုန်းမှာ ဧပြီလ ၇၊ ၈ ရက်မှာ မြို့ ထဲကို သူတို့တွေ ဝင်လာတယ်။ လုံခြုံရေးတပ်ဖွဲ့တွေ အင်အားနည်းနေတဲ့ အချိန်ဖြစ်လို့ မြို့ထဲမှာ တချို့နေရာတွေကနေ ဆုတ်ခွာရတာရှိတယ်။ ဧပြီ ၈၊ ၉၊ ၁၀ မှာ တော့ မြို့ကို ပြန်လည်စိုးမိုးမှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့တယ်။ အဲဒီအဖွဲ့တွေ မြောက် ဘက်ကို ဆုတ်သွားတယ်။ သူတို့ဆီက လက်နက်၊ ခဲယမ်းတွေ၊ အလောင်းတွေရတယ်။ ကျနော်တို့ဆီကလည်း အရာရှိ စစ်သည်တချို့ ကျဆုံးတာ၊ ဒဏ်ရာရတာရှိတယ် "

စစ်တပ်ဘက်က ထုတ်ပြန်ချက်မှာတော့ KIA/PDF ဘက်က စုစုပေါင်း အလောင်း ရှစ်လောင်း၊ M-22 သေနတ် ငါးလက်၊ AK-47 သေနတ် နှစ်လက်၊ KIA ထုတ် ၄၀ မမ ဆုံလည် တစ်လက်၊ ၇.၆၂ မမ စနိုက်ပါ တစ်လက်၊ M-22 ကျည်အိမ် ၂၂ ခု၊ M-22 ကျည် ၁၃၄၅ တောင့်၊ ၇.၆၂ မမ စနိုက်ပါကျည် ၁၁၅ တောင့်၊ ၄၀ မမ ဗုံးသီး ကိုးလုံး၊ KIA ကြိုးဆွဲလက်ပစ်ဗုံး ၁၉ လုံး၊ ၆၀ မမ ဗုံးသီး ၁၇ လုံး၊ လက်ပစ်ဗုံးတစ်လုံးတို့ သိမ်းဆည်း ရမိခဲ့တယ်လို့ ဖော်ပြထားပါတယ်။

အဲဒီတိုက်ပွဲတွေထဲမှာ မူးယစ်ဆေးဝါးတွေ သိမ်းဆည်းရမိတယ်ဆိုပြီး နှစ်ဖက်စလုံးက ပြောကြပါတယ်။

ဒီတိုက်ပွဲတွေကြောင့် ပင်လည်ဘူးမြို့နယ်ထဲက ကပ္ပန္တာ၊ ချောင်းပေါက်၊ မံစီလေး၊ တောင်ကုန်း စတဲ့ ကျေးရွာ ၁၀ ရွာနီးပါးက ဒေသခံဦးရေ ၂၀၀၀ ကျော် ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေရတယ်လို့ ဒေသခံတွေက ဆိုပါတယ်။

ကပ္ပန္တာရွာမှာ ဓားဒဏ်ရာနဲ့ အမျိုးသမီးအလောင်း တစ်လောင်းတွေ့ပြီး ကျန်တာတွေကို တော့ အသေးစိတ် စိစစ်နေတုန်းပဲလို့ PDF အဖွဲ့တွေဘက်က ပြောပါတယ်။

ပင်လည်ဘူးမြို့ဟာ စစ်ကိုင်းတိုင်း ကသာခရိုင်၊ ကောလင်းနယ်အတွင်းမှာ ကချင်ပြည်နယ် နဲ့လည်း နယ်နိမိတ်ထိစပ်နေသလို ကောလင်းမြို့ အနောက်မြောက်ဘက် ၂၅ မိုင်ခန့်အကွာ မူးမြစ်ပေါ်မှာရှိပြီး ဝန်းသိုမြို့နဲ့လည်း ၄၁ မိုင်ရှည်တဲ့ ကားလမ်းနဲ့ ဆက်သွယ်ထားပါတယ်။

https://www.rfa.org/burmese/news/military-council-and-pdf-fighting-in-pinlebu-04122022043349.html

-----------------------------------------------------------------------------------------------------------------------

## Cobra စစ်ကြောင်းက ပြောရေးဆိုခွင့်ရှိသူ ကိုရှိုင်းထက်နှင့် ဆက်သွယ်မေးမြန်းချက်

By မဇ္ဈိမ | 12 April 2022



ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ KNUထိန်းချုပ်နယ်မြေ တပ်မဟာ(၆) ၊လေးကေ့ကော်ဒေသရှိ ဗိုလ်တာဘောဦးဆောင်သည့် Cobraစစ်ကြောင်းသို့စစ်ကောင်စီတပ်က ဒုတပ်ရင်းမှူးနှင့် တပ်သား တစ်ဦးက ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက လာရောက်ပူးပေါင်းခဲ့သည်။

လာရောက်ပူးပေါင်းသူမှာ ခမရ(၅၈၅) ဒုတပ်ရင်းမှူး ဗိုလ်မှူးတင်လင်းအောင်ဆိုသူဖြစ်ပြီး KNUနှင့် ပူးပေါင်းမှုမရှိခင်အချိန်က ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တော်လှန်ရေးရဲဘော်များကို ဝေဖန်ရေးသားချက်များရှိခဲ့သည့်အတွက် ပြည်သူအချို့က ၎င်းလာရောက်ပူးပေါင်းမှုကို လူမှုကွန်ရက်စာမျက်နှာများတွင် ဝေဖန်ရေးသားမှုများရှိခဲ့သည်။

အဆိုပါအခြေအနေများနှင့်ပတ်သက်၍ Cobraစစ်ကြောင်းမှ ပြောရေးဆိုခွင့်ရှိသူ ကိုရှိုင်းထက်နှင့် မေးမြန်းတင်ဆက်ထားသည်။

မေး ။ ။ စစ်ကောင်စီတပ်က ဒုတပ်ရင်းမှူးနဲ့တပ်သား တစ်ဦး လာရောက်ပူးပေါင်းခဲ့တယ်။ အဲ့လိုပူးပေါင်းမှုမှာ ဒုတပ်ရင်းမှူးကို ပြည်သူတချို့က ဝေဖန်မှုတွေရှိနေတယ်။ အဲ့ဒီဝေဖန်မှုကို ဘာများပြောစရာရှိမလဲဗျ။

ဖြေ ။ ။ အရင်တုန်းကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ဖြေရှင်းဖို့လည်း စိတ်ကူးမရှိပါဘူး ။ ပြောပြဖို့လည်း စိတ်ကူးမရှိပါဘူး ။ အခုဟာလည်းကျွန်တော်တို့ ပြောသင့်တယ်ထင်လို့ ပြောပြပါ့မယ် ။ ဒုတပ်ရင်းမှူးနဲ့ ဒီရဲဘော်တစ်ယောက် CDMလာဝင်တာပဲဖြစ်ဖြစ် လာပူးပေါင်းတာပဲဖြစ်ဖြစ်ပေ့ါနော် ကျွန်တော်တို့ဆီကို ရောက်ရှိလာတဲ့အခါမှာ လူတွေကမျိုးစုံ ပြောကြတယ်ပေ့ါနော် ။။ ကျွန်တော်တို့က တော်လှန်ရေးအောင်ဖို့အတွက်ကို စစ်ရေးတစ်ခုတည်းကိုကြည့်ပြီးတော့ သွားလို့မရဘူး ။ ကျွန်တော်တို့က စစ်ကိုအရမ်းခုံမင်ပြီး တိုက်ပွဲတစ်ခုဖန်တီးချင်လို့ လာပြီးလက်နက်လာကိုင်နေတာမဟုတ်ဘူးလေ ။ ကျွန်တော်တို့က ဒီအာဏာရှင်ပြုတ်ကျဖို့အတွက် ဒီတော်လှန်ရေးအောင်မြင်ဖို့အတွက် ဦးတည်ပြီး လုပ်တဲ့အတွက်ကြောင့်မို့လို့ တော်လှန်ရေး အမြန်ဆုံးအောင်ဖို့အတွက်ကို နည်းလမ်းမျိုးစုံ ကျွန်တော်တို့ဘက်က သုံးရမှာပဲ။ သူတို့အနေနဲ့ စိုးရိမ်စိတ်ပူတာကိုလည်း လက်ခံတယ် ။ သူတို့ထောက်ပြတဲ့အရာတွေကိုလည်း ကျွန်တော်မြင်ပါတယ် ။ ဒါပေမဲ့လည်း ရဲဘော်အကြောင်းကိုတော့ ကျွန်တော်မပြောသေးဘူးဗျာ။ ဒီဒုတပ်ရင်းမှူးတစ်ယောက်က သူ့မှာလည်း သူ့ရဲ့အနာဂတ်ရှိတယ် ။ သူ့မိသားစုရှိတယ် ။ သူ့အနာဂတ် သူ့မိသားစုတစ်ခုကို သူဘယ်လိုကြည့်မလဲ ။ သူဦးနှောက်မရှိဘဲနဲ့တော့ သူကျွန်တော်တို့ဆီကိုမလာဘူး ။ ကျွန်တော်တို့ Cobra အဖွဲ့ ကလူတွေကလည်း ဘယ်အလုပ်ပဲဖြစ်ဖြစ် ပြီးပြီးရောမလုပ်ပါဘူး ။ ကျွန်တော်ဘက်က တိကျသေချာတဲ့အဖြေတစ်ခုရတော့မှ လုပ်တယ် ။ အမြဲတမ်း ကျွန်တော်တို့က အဆိုးဆုံးထိတွေးပြီးသွားပြီ ။ ဝေဖန်မှုတွေကြောင့်မလို့ တစ်ဖက်လူကိုလည်း ထိခိုက်သွားတာမလိုချင်ဘူး ။ ကျွန်တော်တို့ရှေ့ဆက်မယ့် လမ်းကြောင်းမှာလည်း ဘယ်လိုအခြေနေမျိုးပဲဖြစ်ဖြစ် အဲ့လိုရောက်လာခဲ့ရင် ကြုံဆိုရမှာပဲ။

မေး ။ ။ ဒုတပ်ရင်းမှူးအပါအဝင် သူတို့နှစ်ယောက်ရဲ့အခြေနေ ဘယ်လိုရှိပါသလဲ ။ဝေဖန်ပြောဆိုနေတဲ့စကားတွေက လက်တွေ့မှာ ဘယ်လိုကွာဟမှုရှိနေပါသလဲ ။

ဖြေ ။ ။ လောလောဆယ် သူတို့နှစ်ယောက်ကို လုံခြုံစိတ်ချရပြီး အဆင်ပြေနိုင်တဲ့နေရာမှာ ထားထားပါတယ် ။ တိုက်ပွဲထဲမှာ ဖမ်းမိတဲ့ စစ်သုံ့ပန်းတွေကိုတောင်သေချာ ပြုစုစောင့်ရှောက်ထားပြီး ကောင်းကောင်းမွန်မွန်ထားခဲ့ပေးတာပဲ ။ ဒီလိုလူတန်းစားကို ကောင်းကောင်းမွန်မွန်မထားနိုင်ဘဲနေပ့ါမလား ။ သေသေချာချာ ထားပေးပါတယ် ။ သူတို့ဖြစ်စေချင်တဲ့အရာတွေ သူတို့လုပ်ချင်တဲ့အရာတွေ ဘယ်လိုပံ့ပိုးပေးရမလဲ ဘယ်လိုကူညီပေးရမလဲ ဆိုတာ စဉ်းစားထားပါတယ် လုပ်ပေးပါတယ် ။ ဝေဖန်မှုတွေကိုလည်း ကျွန်တော်တို့အနေနဲ့က လျစ်လျူမရှုထားပါဘူး ။ သူတို ထောက်ပြတဲ့အရာတွေကိုလည်း လျစ်လျူရှု မထားပါဘူး ။ သုံးသပ်ကြည့်ပါတယ် တွေးပါတယ် ။ ဒါပေမဲ့ ပြောချင်တဲ့ စောနက စကားလိုပေ့ါ ။ဘယ်အရာကိုမှ ကျွန်တော်တို့ လွယ်လင့်တကူ မဆုံးဖြတ်ပါဘူး ။တိကျသေချာမှ အရာရာကိုလုပ်ပါတယ် ။ အဲ့ဒါကြောင့် လောလောဆယ် သူတို့နှစ်ယောက်အဆင်ပြေတယ် သူတို့နှစ်ယောက်ကို လုံလုံခြုံခြုံနဲ့ထားထားပေးတယ် ။ သူတို့ကိုကောင်းကောင်းမွန်မွန်နဲ့ ပြုစုစောင့်ရှောက်ထားပါတယ် ။ နွေးနွေးထွေးထွေးနဲ့ပဲ ဆက်ဆံပါတယ် အဲ့ဒါလေးတော့ သိစေချင်တာပေ့ါနော်။

မေး ။ ။ တော်လှန်ရေးကာလက တစ်နှစ်ကျော်လာပြီ ဒီကာလအတွင်းမှာ တော်လှန်ရေးရဲဘော်တွေနဲ့ ထောက်ပို့အဖွဲ့တွေကို လူမှုကွန်ရက်တွေကနေ ဝေဖန်မှုတွေ၊တိုက်ခိုက်မှုတွေနဲ့ စွပ်စွဲမှုတွေ ရှိနေတယ်ဆိုတော့ အဲ့ဒီအပေါ်မှာ ဘာများပြောချင်ပါသလဲ

ဖြေ ။ ။ တော်လှန်ရေး ရဲဘော်အချင်းချင်းသော်လည်းကောင်း အပြင်က ကီးဘုတ်ဖိုက်တာတွေသော်လည်းကောင်း ဝေဖန်မှုတိုက်ခိုက်မှုတွေမပြောနဲ့အုန်းဗျာ ။ တခြား ဆယ်လီကြီးတွေတောင် တိုက်ခိုက်မှုတွေအများကြီးရှိနေတာပဲ ။ ပြောချင်တာတခုက တော်လှန်ရေးရဲဘော်တွေလည်းပြောချင်တယ် ။ ကီးဘုတ်ဖိုက်တာတွေလည်း တော်လှန်ရေးမှာ တထောင့်တနေရာမှာပါဝင်တာပဲလေ ။ပြောချင်တာက တော်လှန်ရေးအမြန်အောင်ဖို့အတွက်ကို ဥပမာတော်လှန်ရေးရဲဘော်တွေဆိုရင် စစ်သားတွေဖြစ်နေပြီး စစ်သားဖြစ်နေတဲ့အတွက်ကြောင့် စစ်သားတစ်ယောက်အနေနဲ့ အာဏာရှင်ကိုတော်လှန်ဖို့ စကစ(စစ်ကောင်စီ)ပြုတ်ကျဖို့အတွက်ကို ငါတို့ဘယ်လိုအားစိုက်ပြီးတော့ တိုက်ခိုက်မလဲ ငါတို့ဘယ်လိုလေ့လာရဦးမလဲ ဘာတွေကိုဆည်းပူးရဦးမလဲ အဲဒါတွေကိုပဲ ရဲဘော်တစ်ယောက်အနေနဲ့သိစေချင်တယ် ။ ဟိုလူကဘာဖြစ်တယ် ထောက်ပို့ကဘာဖြစ်တယ် ဘယ်သူကဘာတွေမဟုတ်တာတွေလုပ်နေပြီး ဘယ်အဖွဲ့အစည်းက ဘာတွေအဆင်ပြေနေပြီး ငါတို့ဘာလို့အဆင်မပြေတာလဲပေါ့နော် ။ အဲ့လိုတွေပြောနေမယ်ဆိုလို့ရှိရင် တော်လှန်ရေးက အဆင်ပြေမယ်လို့တော့မထင်ဘူး ။ ကီးဘုတ်ဖိုက်တာတွေကိုလည်းပြောချင်တာက သူတို့က တော်လှန်ရေးမှာသေနတ်မကိုင်ဘူးဆိုပေမယ့်လည်း ဖုန်းကိုင်ပြီး ကီးဘုတ်နဲ့ တော်လှန်ရေးမှာ တစ်ထောင့်တစ်နေရာကနေလုပ်နေတာ သူတို့လွဲမှားစွာရေးလိုက်တဲ့အရာတွေ လွဲမှားစွာတွေးလိုက်တဲ့အရာတွေ လွဲမှားစွာပြောလိုက်တဲ့အရာတွေက အများကြီး အကျိုးသက်ရောက်မှုရှိတယ် ။အဲ့ဒါမို့လို့လည်း ကိစ္စတစ်ခု သတင်းတစ်ခုကို တိကျသေချာမှုမရှိဘဲနဲ့ မခိုင်လုံသေးဘဲနဲ့ လက်လွတ်စပယ်ကြီး မလုပ်ကြပါနဲ့ မပြောကြပါနဲ့ အပုတ်မချကြပါနဲ့လို့ တိုက်တွန်းချင်တယ် ။နောက်တစ်ခုက အဲ့လို ပုတ်ခတ်နေလို့လည်း တော်လှန်ရေးက မြန်မြန်ပြီးသွားမှာမဟုတ်ဘူး ။ အဓိကကတော့ ကီးဘုတ်ဖိုက်တာတွေနဲ့ တော်လှန်ရေးရဲဘော်တွေကိုပြောချင်တာက စကစ(စစ်ကောင်စီ) ဒီအာဏာရှင်ကို ဘယ်လိုမျိုးပြုတ်ကျအောင် ဒီတော်လှန်ရေးကြီးမှာ ငါတို့ဘယ်လိုဝိုင်းဝန်းပြီးတော့ ကူညီပြီးတော့ ငါတို့အားလုံးစည်းစည်းလုံးလုံးနဲ့ ပြစ်ချက်ကလေးတွေ အမှားလေးတွေရှိခဲ့ရင်တောင် အချင်းချင်းနားလည်ပေးပြီးတော့ စည်းစည်းလုံးလုံးနဲ့ ငါတို့ဘယ်လိုလုပ်ကြမလဲလို့ အဖြေကိုရှာသင့်တယ်လို့ အဲ့လမ်းကိုသွားသင့်တယ်လို့ ထင်တယ် ။

မေး ။ ။ နောက်ထပ်လာရောက်ပူးပေါင်းချင်တဲ့ သူတွေကိုကော ဘာများပြောချင်ပါလဲခင်ဗျ။

ဖြေ ။ ။ လာပူးပေါင်းချင်တဲ့သူတွေကိုပြောချင်တာက ကြိုဆိုနေပါတယ် အချိန်မရွေး ဆက်သွယ်ပြီးတော့ လာပူးပေါင်းလို့ရပါတယ် ။ လိုချင်တဲ့ သတင်းအချက်အလက်ကို ကျွန်တော်တို့ပြောတဲ့အတိုင်းလေး ပြုမူဆောင်ရွက်ပေးမယ်ဆိုရင် လုံးဝကို ကြိုဆိုပါတယ် ။ သူတို့လာရောက်ပူးပေါင်းတဲ့အတွက်လည်း သူတို့မိသားစု နောင်ရေးအတွက်ကို အာမခံချက်ပေးနိုင်အောင်အထိကို ကူညီဆောင်ရွက်ပေးဖို့ အသင့်ပါပဲ ။ အဲ့ဒီအတွက်ကြောင့်မလို့ လာပြီးတော့ ပူးပေါင်းပါလို့ တော့ တိုက်တွန်းချင်ပါတယ်။

https://www.mizzimaburmese.com/article/104327

---------------------------------------------------------------------------------------------------------

## ရေး-မော်လမြိုင် ကားလမ်းတွင် စစ်ယာဉ်တန်း တိုက်ခိုက်ခံရပြီး စစ်သား ၃၀ ခန့် သေဆုံး

Published By DVB | 12 April, 2022




မွန်ပြည်နယ်၊ ရေးမြို့နယ်မြောက်ပိုင်း ရေး-မော်လမြိုင်ကားလမ်းမှာ ဧပြီ ၁၁ ရက် မနက်က စစ်ယာဉ်တန်းတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်ဖွဲ့ဝင်အယောက် ၃၀ လောက် သေဆုံးကာ အများအပြား ထိခိုက်ဒဏ်ရာရခဲ့တယ်လို့ PDF မြောက်ပိုင်းမှ တာဝန်ရှိသူက ပြောပါတယ်။

မနေ့မနက် ၁၀ နာရီကျော်လောက်က ကနင်ကမော့နဲ့ မော့ကနင်ရွာကြား မိုင်တိုင် ၇၀ အနီး မော်လမြိုင်မှ ရေးသို့ စစ်ကား ၆ စီးနဲ့ လိုက်ပါလာတဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေကို KNLA၊ PDF ပူးပေါင်းတပ်တွေက ပစ်ခတ်ခဲ့တာဖြစ်ပါတယ်။

မိနစ်အနည်းငယ်ကြာ အပြန်အလှန်ပစ်ခတ်ရာမှာ ခရီးသွားကားတွေကို စစ်ကောင်စီဘက်က ရမ်းသန်းပစ်ခတ်လို့ အမျိုးသမီးငယ်တယောက် ဦးခေါင်းထိမှန်ပြီး အဒေါ်ဖြစ်သူမှာ ဝမ်းဗိုက်ထိမှန်ခဲ့သလို အနီးအနားက ရာဘာခြံအလုပ်သမားတယောက်လည်း ဒဏ်ရာရခဲ့ပါတယ်။



ပစ်ခတ်မှုအပြီးမှာ ကွာန်ကျိုက်တောင်ပေါ်မှာ အသင့်နေရာယူထားတဲ့ အမှတ်  ၁၄၇ စစ်ကောင်စီ အမြောက်တပ်ကနေလည်း လက်နက်ကြီးနဲ့ ပစ်ခတ်ခဲ့တယ်လို့ ဒေသခံတွေထံက သိရပါတယ်။

အခုလို လက်နက်ကိုင်တိုက်ခိုက်မှုတွေ  ရွာတွေအနီးနား ဖြစ်ပွားခဲ့တာဖြစ်လို့ ဒေသခံရွာသားတွေမှာ စစ်ကောင်စီတပ်ရဲ့ ရန်ပြုလာမယ့်အန္တရာယ်တွေကို ကြောက်နေကြသလို  ထွက်ပြေးတိမ်းရှောင်ရင် နေအိမ်တွေကို မီးရှို့မယ်လို့ စစ်ကောင်စီဘက်က ခြိမ်းခြောက်ပြောဆိုထားတယ်လို့ ဒေသခံတဦးက ပြောပါတယ်။

KNU ၊ PDF ပူးပေါင်းအဖွဲ့တွေက ခရီးသည်ယာဉ်ကို စစ်ယာဉ်တန်းနဲ့ မှားယွင်းပစ်ခတ်လို့  ပြည်သူ ၃ ဦးထိခိုက်ဒဏ်ရာရခဲ့တာဖြစ်ပြီး တပ်မတော်ဘက်က ထိခိုက် အကျအဆုံး မရှိဘူးလို့ စစ်တပ်ဘက်ကတော့ ပြောဆိုပါတယ်။

KNU ၊ PDF ပူးပေါင်းအဖွဲ့တွေဟာ  အောင်သပြေရွာ၊ လိမ္မော်ခြံရွာ၊ ကနင်ကမော့ရွာ၊ နှင်းစုံရွာ စတဲ့ ကျေးရွာတွေအနီးမှာ စစ်ယာဉ်တန်းတွေကို ချုံခိုတိုက်ခိုက်လေ့ရှိတယ်လို့လည်း  စစ်ကောင်စီတပ်ဘက်က ပြောပါတယ်။

၂၀၂၁ နိုဝင်ဘာလကစပြီး အခုအချိန်အထိ ရေးမြို့နယ်မြောက်ပိုင်းမှာ  YPDF KNLA နဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေအကြား တိုက်ခိုက်မှုမှာ စစ်ကောင်စီဘက်က အနည်းဆုံး အယောက် ၁၀၀ ကျော်လောက် သေဆုံးထားခဲ့ပါတယ်။

https://burmese.dvb.no/archives/527216

-----------------------------------------------------------------------------------------------------------

## ပင်လောင်းမြို့နယ်တိုက်ပွဲ၌ စစ်ကောင်စီတပ်သား ၅ ဦးသေပြီး လက်နက်ခဲယမ်း သိမ်းဆည်းရမိ

Published By DVB | 12 April, 2022



ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လောင်းမြို့နယ်၊ တောင်မဲသင်းကျေးရွာရှိ စစ်ကောင်စီ စစ်ဆေးရေးဂိတ်ကို ဧပြီ ၅ ရက်မှာ  ကရင်နီအမျိုးသားများကာကွယ်ရေးတပ်  KNDF တပ်ရင်း ၃ က ဝင်ရောက်တိုက်ခိုက်ခဲ့ရာမှာ စစ်ကောင်စီတပ်သား ၅ ယောက် သေဆုံးခဲ့ပြီး လက်နက်ခဲယမ်းတွေလည်း သိမ်းဆည်းရမိကြောင်း KNDF တပ်ရင်း ၃ က ထုတ်ပြန်ပါတယ်။

အဆိုပါ  တောင်မဲသင်းဂိတ်ဟာ  ဖြတ်သန်းသွားလာနေတဲ့ ပြည်သူတွေကို စစ်ဆေး ငွေညှစ်တာ၊ ထိုင်ထလုပ်ခိုင်တာနဲ့ CDM တွေကို တွေ့ရှိပါက ကြုံသလို ဖမ်းဆီးနေတဲ့အတွက်   KNDF/B-03 ရဲဘော်တွေက အလစ်ဝင်တိုက်ခဲ့တာလို့ ဆိုပါတယ်။

ဒီလိုတိုက်ခိုက်မှုကြောင့် စစ်ကောင်စီတပ်သာ ၅ ဦး သေဆုံးပြီး သေနတ် ၄ လက်၊ ကျည်ဘောက် ၁၀ ခု၊ ၄၀-မမ တွေ၊ ကျည်ဆန်တချို့နဲ့ စစ်အသုံးအဆောင် တချို့သိမ်းဆည်းရမိခဲ့ကြောင်းလည်း ထုတ်ပြန်ထားပါတယ်။

အခု ဧပြီလကစပြီး ကရင်နီပြည်နယ်အတွင်း ထိုးစစ်ဆင်လာတဲ့စစ်ကောင်စီတပ်သားတွေကို ကရင်နီပူးပေါင်းတပ်တွေက တိုက်ခိုက်တာတွေ၊ တပ်စခန်းတွေကို သွားရောက်ခိုက်တာတွေ လုပ်ဆောင်နေပြီး

မနေ့ ဧပြီ ၁၁ ရက်မှာ ဒီးမော့ဆိုမြို့နယ်အတွင်း ဖြစ်ပွားခဲ့တဲ့တိုက်ပွဲကြောင့် ကရင်နီပူးပေါင်းတပ်သား ၆ ဦးကျဆုံးကာ ၁၀ ကျော် ဒဏ်ရာရရှိခဲ့ပါတယ်။

စစ်ကောင်စီဘက်ကတော့ အယောက် ၂၀ ထက်မနည်း သေဆုံးပြီး အများပြား ဒဏ်ရာရရှိတယ်လို့ ကရင်နီပူးပေါင်းတပ်တွေထံက သိရပါတယ်။ ဒီကနေ့မှာလည်း ဒီးမော့ဆိုမြို့နယ်အတွင်း တိုက်ပွဲတွေ ဆက်လက်ပြင်းထန်နေဆဲ ဖြစ်ပါတယ်။

https://burmese.dvb.no/archives/527286

-----------------------------------------------------------------------------------------------------

## စစ်ကောင်စီတပ် အကြမ်းဖက်ပစ်သတ်မှုကြောင့် ကျဆုံးပြည်သူ ၁၇၄၀ ကျော်လာ

Published By DVB | 12 April, 2022




မြန်မာနိုင်ငံမှာ မတရားအာဏာသိမ်း ၁ နှစ်ကျော်ကာလ စစ်ကောင်စီတပ်တွေ အကြမ်းဖက် ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ ကျဆုံးပြည်သူ ၁,၇၄၁ ယောက်နဲ့ ဖမ်းဆီးထိန်းသိမ်းခံရသူပေါင်း ၁၃,၂၀၁ ယောက်ထိ ရှိခဲ့တယ်လို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) က ထုတ်ပြန်ပါတယ်။

ဒီစာရင်းဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ ဧပြီ ၁၁ ရက်အထိ အေအေပီပီက ကောက်ယူ မှတ်တမ်းပြုစုထားတာဖြစ်ပြီး အမှန်တကယ် ကျဆုံးသူတွေဟာ ဒီထက်ပိုနိုင်တယ်လို့ ဖော်ပြထားပါတယ်။

နွေဦးတော်လှန်ရေး ကာလအတွင်း ဒီနေ့အထိ ၁၀,၁၆၁ ယောက် လက်ရှိ ချုပ်နှောင်ခံထားရဆဲဖြစ်ပြီး အဲဒီထဲက အယောက် ၉၉၀ ကတော့ ထောင်ဒဏ် ချမှတ်ခံထားရပါတယ်။

ပြစ်ဒဏ်ကျခံရသူတွေထဲက အသက် ၁၈ နှစ်အောက် ကလေး ၂ ယောက် အပါအဝင် ၅၉ ယောက်ကတော့ သေဒဏ်ချမှတ်ခံထားရတယ်လို့ ဆိုပါတယ်။

ဖမ်းဝရမ်းထုတ်ခံထားရတာကြောင့် တိမ်းရှောင်နေသူ ၁,၉၇၆ ယောက်ထဲက မျက်ကွယ် သေဒဏ်ချမှတ်ခြင်း ခံထားရသူ ၄၁ ယောက် အပါအဝင် အယောက် ၁၂၀ ကတော့ မျက်ကွယ် ပြစ်ဒဏ်ချခံထားရပြီး သေဒဏ်ချမှတ်ခံထားရသူ စုစုပေါင်းအယောက် ၁၀၀ ရှိပြီဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ ရှောက်ခါးကျေးရွာကို အကြမ်းဖက်စစ်အုပ်စုတပ်တွေ ဝင်ရောက် စီးနင်းကာ မီးရှို့ခဲ့ပြီး လက်နက်ကြီးနဲ့ပါ ပစ်ခတ်ခဲ့တာကြောင့် ဒေသခံရွာသား ကိုရွှေသင်းဟာ ကျဆုံးသွားခဲ့ကြောင်း သိရပါတယ်။

အဲဒီနေ့ တရက်တည်းမှာပဲ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ မြစ်ဖျားကျေးရွာကို ညနေ ၃ နာရီခွဲလောက်က စစ်သားတွေ ဝင်ရောက်စီးနင်းကာ မီးရှို့ခဲ့ပြီး အသက် ၂၆ နှစ်အရွယ် ကိုကျော်စွာဦးအပါအဝင် အရပ်သား ၄ ယောက်ကို ပစ်သတ်ခဲ့ကြောင်း သိရပါတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ အရပ်သားတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ သတင်းသမားတွေ၊ CDM လှုပ်ရှားနေတဲ့ ဝန်ထမ်းတွေ စတဲ့ နယ်ပယ်အသီးသီးမှ ဘယ်သူမဆို ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံထားရတာတွေနဲ့ ပတ်သက်လို့ နွေဦးတော်လှန်ရေး ကာလအတွင်း ကျဆုံးသွားသူတွေရဲ့ အချက်အလက်တွေကို သိရှိပါက အေအေပီပီကို ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါတယ်။

ဒါ့အပြင် ကျဆုံးအချက်အလက်တွေကို ဖော်ပြပါ fatality-data@aappb.org အီးမေးလ်နဲ့ အဖမ်းအဆီး အချက်အလက်တွေကို detention-data@aappb.org အီးမေးလ်တွေဆီလည်း တိုက်ရိုက်ပေးပို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးထားပါတယ်။

https://burmese.dvb.no/archives/527207

---------------------------------------------------------------------------------------------------------

## တပ်တွင်းမပြိုကွဲရေး အာရုံစိုက်နေရသည့် စစ်ခေါင်းဆောင်များ

By ဧရာဝတီ | 12 April 2022

အာဏာသိမ်း စစ်ကောင်စီ ခေါင်းဆောင်များ၏ လူထုဆန့်ကျင်ရေး လုပ်ဆောင်မှု အကျိုးဆက်က တပ်တွင်းစည်းလုံး မှုကို ပျက်ပြားစေခဲ့သဖြင့် ယင်းအခြေအကို ပိုမိုဆိုးမသွားစေရန် ၎င်းတို့ကိုယ်တိုင်နယ်မြေခံ တပ်ရင်းများသို့ ဆင်းကာ လိုက်လံစည်းရုံးနေရသည်မှာ ထင်ရှားသည်။

အဘယ်ကြောင့်ဆိုသော ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် အခြေစိုက်ရာ လားရှိုးမြို့ နှင့် ပြင်ဦးလွင်တပ်နယ်သို့ မကြာမီက သွားရောက်ခဲ့သလို ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် ဒု ဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကလည်း အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒေသရှိ ဗထူးတပ်နယ်သို့ ရက်အတော်ကြာ သွားရောက် ကာ စည်းရုံးရေး ဆင်းနေရသည်ကို သူတို့၏ ဝါဒဖြန့်ချိရေး သတင်းဌာနများ ထုတ်ပြန်ချက်ကို ကြည့်လျှင် သိနိုင်ပေသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လားရှိုးခရီးစဉ်တွင် "အာဏာသိမ်းရခြင်းမှာ မဲမသမာမှုကြောင့်ဖြစ်ပြီး၊ ပါတီစုံ ဒီမို ကရေစီစနစ် ခိုင်မာရေးနှင့် တိုင်းပြည်သာယာရေး စားနပ်ရိက္ခာဖူလုံရေး ဆောင်ရွက်နေသည်ကို တပ်မတော်သားတို့ အနေဖြင့် နားလည်သဘောပေါက်ဖို့ လိုသည် " ဆိုသော ဓာတ်ပြားဟောင်းကြီးကို ဖွင့်၍ လက်အောက်ခံတပ်များအား စည်းရုံးနေရသလို ဒုဗိုလ်ချုပ်မှူးကြီး စိုးဝင်းကလည်း "တပ်မတော်သားများနှင့် မိသားစုဝင် အားလုံးသည် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တွင် အေးအတူပူအမျှဖြင့် ဘယ်သူခွဲခွဲ တို့မကွဲ အမြဲစည်းလုံးမည်"ဆိုကာ ဗထူးတပ်မြို့ရှိ တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်းတွင် ဆိုပြန်သည်။

ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုဗိုလ်ချုပ်မှူးကြီး စိုးဝင်းဆိုလျှင် ဖေဖော်ဝါရီလအတွင်းကလည်း စစ်ရေး အထိနာနေသည့် ကယားပြည်နယ်ရှိ တပ်များကိုသွားရောက်ကာ စည်းရုံးရေးလုပ်ဆောင်ခဲ့ရသလို မတ်လအတွင်းတွင် တကြိမ် ဧပြီလအတွင်း တကြိမ် ရှမ်းပြည်တခွင် လှည့်လည်ကာ စည်းရုံးရေးဆင်းနေရသည်ကို တွေ့ရသည်။

ပြီးခဲ့သည့် ၇၇နှစ်မြောက် တပ်မတော်နေ့(တော်လှန်ရေးနေ့)တွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းတွင် တပ်တွင်း စည်းလုံးညီညွတ်ရေး အလွန်အရေးကြီးကြောင်း၊ ပြည်ပ ကျူးကျော်သူများနှင့် ကိုယ်ကျိုးရှာနိုင်ငံရေး သမားများသည် တပ်မတော်ပြိုကွဲရန် နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်နေကြောင်း ပြောကြားခဲ့ရာ ၎င်းသည်ကို ကြည့်ခြင်းအားဖြင့် တပ်တွင်းမည်သည့်အတိုင်းအတာအထိ အက်ကြောင်းထနေသည်ကို မြင်တွေ့နိုင်သည်။



ဧပြီ ၄ရက် ရှမ်းပြည်နယ်တောင်ပိုင်း ဗထူးတပ်နယ်တွင် ဒု ဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား တွေ့ရသည့် (CINCDS)

ပြီးခဲ့သည့် မတ်လအတွင်းက စစ်ကောင်စီ ဒု-ဥက္ကဋ္ဌ ဒုဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ရှမ်းပြည်၊ အောင်ပန်းနှင့် ဂ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းရှိ မိုင်းမောခရီးစဉ်တွင် နယ်မြေခံတပ်ရင်း တပ်ဖွဲ့များအား ပြောကြားသည်မိန့်ခွန်းမှာ စိတ်ဝင်စား ဖွယ်ဖြစ်ပြီး တပ်မတော်သားများအား လစာရိက္ခာ ၁ ဦးချင်း ရပိုင်ခွင့်များကိုလည်း ပေးရန်လိုအပ်ကြောင်း၊ သို့မှသာ နောက်ဆံ မတင်းဘဲ တာဝန်ကျေပွန်စွာ ထမ်းနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်သားများ၏ ပါရမီဖြည့်ဖက်များမှာ အရေးကြီးကြောင်း၊

တပ်မတော်အနေနှင့် ရေပက် မဝင်သည့် ကျစ်လစ်ခိုင်မာသော စည်းလုံးမှုဖြင့် ကာကွယ်ရမည်ဖြစ် ကြောင်း ပါရှိသည်။

ထိုအချက်က တပ်တွင်း စည်းလုံးမှု ပြိုကွဲလာခြင်းသည် ပြည်သူ့ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့်သာမက တပ်တွင်း အထက်အောက် မညီမျှမှုများ၊ ထိပ်ပိုင်းအရာရှိကြီးများ၏ ကိုယ်ကျိုးရှာမှုများကို မျက်စေ့ပွင့် နားပွင့်သိလာရသဖြင့် ပိုမိုများပြားလာသည့် မကျေနပ်မှုများကို အခြေခံနေကြောင်းမှာ ထင်ရှားသည်။

ထို့အတွက် စစ်ခေါင်းဆောင်များ၏ ပြောဆိုချက်များကို လေ့လာအကဲဖြတ်ခြင်းဖြင့် ပျက်ပြားနေသည့် တပ်တွင်း စည်းလုံး ညီညွတ်ရေးအား အာရုံစိုက်နေရသည်ကို မီးမောင်းထိုးပြလိုက်ခြင်း ဖြစ်ကြောင်း လူထုအာဏာ ဖီဆန်ရေး လှုပ်ရှားမှု (CDM) တွင် ပါဝင်လာသည့် စစ်ဘက်အရာရှိများက ယူဆသည်။

CDM ဝင်လာမည့်စစ်သားများကို ကူညီပေးနေသည့် ပြည်သူ့ရင်ခွင်အဖွဲ့မှ ဗိုလ်ကြီးလင်းထက်အောင်က စစ်ကောင်စီ၏ တပ်တွင်း စည်းလုံးညီညွတ်ရေးသည် ဝါးအစည်းပြေသကဲ့သို့ ဖြစ်လာနေကြောင်း ဧရာဝတီသို့ ပြောသည်။

၎င်းက "တပ်ဆိုတာက Chain of Command (အမိန့်ပေးစနစ်) နဲ့ သွားတာပေါ့။ ဒါပေမဲ့ သူတို့ရဲ့ အဆင့်ဆင့်သော အုပ် ချုပ်မှုစနစ်တွေက အောက်ခြေကို မထိရောက်တော့ဘူးလို့ တွေ့ရတယ်။ အမိန့်နာခံမှုတွေ အားနည်းလာတယ်ပေါ့။ ဒီကြားထဲမှာ အထက်ခေါင်းဆောင်တွေက ဘယ်လိုတွေပဲ လိုက်စည်းရုံးစည်းရုံး အောက်ခြေမှာ သူတို့ရဲ့ စည်းရုံးမှုတွေ ကို မယုံကြည်တော့တဲ့ ပုံစံမျိုးတွေ တွေ့ရတယ်။ အဲဒါကြောင့် အခုနောက်ပိုင်း အောက်ခြေတပ်တွေအထိ တိုင်းကနေ Staff Officer ဖြစ်တဲ့ G1 (စစ်ဦးစီး ပထမတန်း) အဆင့်တွေတောင် လိုက်စည်းရုံးနေရတဲ့ပုံစံတွေ တွေ့ရတယ် " ဟု ဆိုသည်။

ပြည်သူ့ရင်ခွင်အဖွဲ့ထံ ချိတ်ဆက်စာရင်းသွင်းလာသည့် အချက်အလက်များအရ လက်ရှိတွင် စစ်ကောင်စီတပ်ဘက်မှ CDM ဝင်လာသည့် တပ်မတော်သား ၃၀၀၀ ကျော် ရှိနေကြောင်း၊ CDM ဝင်လာသူများထဲတွင် ဗိုလ်အဆင့်မှ ဒုဗိုလ်မှူး ကြီးအဆင့်ထိ အရာရှိ ၁၀၀ ကျော် ပါဝင်ကြောင်း သိရသည်။

ဗိုလ်ကြီးလင်းထက်အောင်က "အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ဘက်က ခုခံတော်လှန်စစ် ကြေညာတဲ့အချိန်မှာ ထွက်လာတဲ့သူတွေ တော်တော်လေးများတယ်။ အဲဒီနောက်ပိုင်း ဖေဖော်ဝါရီနဲ့ ဇန်နဝါရီလောက်မှာဆိုရင် နည်းနည်း လေး ပြန်လျော့သွားတယ်။ ဒါပေမဲ့ အခု မတ်လမှာတော့ ပြန်ပြီးတော့ များလာတယ်" ဟု ရှင်းပြသည်။

CDM ဝင်လာသည့် စစ်ဘက်အရာရှိတဦးဖြစ်သော ဗိုလ်ကြီးထက်မြက်ကလည်း စစ်ကောင်စီတပ်အတွင်း စည်းလုံးမှု ပြိုပျက်ရသည့်ကိစ္စမှာ အကြောင်းတရား ၂ ချက်အပေါ် အဓိကအခြေခံကြောင်း၊ စစ်ကောင်စီတပ်တွင်း တန်းတူညီမျှ မှုမရှိဘဲ အောက်ခြေတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ဆင်းရဲကျပ်တည်းလာမှု၊ စစ်ရေးရှုံးနိမ့်မှုဖိအားများကြောင့် စည်းလုံးမှုပြိုကွဲလာရခြင်း ဖြစ်ကြောင်း ထောက်ပြသည်။

၎င်းက "အခုနောက်ပိုင်း စစ်ဆင်ရေးကြောင့် အသက်ဆုံးရှုံးတာတွေ ပိုများလာတယ်။ အဲဒီလို အသက်ဆုံးရှုံးလာ ပေမယ့် ကျန်ခဲ့တဲ့မိသားစုတွေ လောက်လောက်လားလား ရှေ့ဆက်နိုင်ဖို့ တာဝန်ယူတာ မရှိဘူး။ ထောက်ပံ့တာ မရှိဘူး။ ဒါတွေကို မိသားစုတွေအနေနဲ့ မကျေနပ်ကြတော့ဘူး။ သူတို့လင်ယောကျ်ားတွေရဲ့ အသက်တွေ အလကား စတေးမခံနိုင်တော့ဘူး။ ဒီလိုတွေဖြစ်လာတော့ ရှေ့တန်းကျတဲ့ တပ်ရင်းတွေမှာ စည်းလုံးမှုတွေ ပိုပြီးပြိုကွဲလာတယ်။ အမိန့်မနာခံတာတွေ၊ အာဏာဖီဆန်တာတွေ ရှိလာတယ်။ ရဲမေတွေက သူတို့ကိုယ်တိုင် သူတို့ယောကျ်ားတွေကို ထွက်ပြေးဖို့၊ ဆေးရုံတက်ဖို့၊ သင်တန်းတက်ဖို့ တွန်းအားပေးနေတာတွေ ဖြစ်လာတယ် " ဟု ဆိုသည်။

ထိုသို့သော အချက်အလက်များကြောင့် စစ်ခေါင်းဆောင်များသည် တပ်မတော်သားများသာမက ၎င်းတို့၏ ဇနီးသည် များကိုပါ စည်းရုံးရေးလုပ်လာနေခြင်း ဖြစ်ကြောင်း ဗိုလ်ကြီးထက်မြက်က မှတ်ချက်ပြုသည်။

မကြာသေးသည့် မတ်လအတွင်းက လူမှုကွန်ရက်စာမျက်နှာပေါ် ပေါက်ကြားလာသည့် စစ်ကောင်စီ၏ ကြေးနန်းစာ တစောင်တွင်လည်း NUG နှင့် ပြည်သူ့ကာကွယ်ရေးတပ် (PDF) များသည် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နည်း မျိုးစုံဖြင့်စည်းရုံးပြီး တပ်တွင်းသတင်းများ အပြင်သို့ပို့စေခြင်း၊ စခန်းသို့လာရောက်တိုက်ခိုက်ပါက ပြန်မတိုက်ဘဲ လက် နက်ချအညံ့ခံစေခြင်းများ လုပ်ဆောင်နေကြောင်း ဖော်ပြထားသည်။



ဧပြီ ၇ရက် ရှမ်းပြည်တောင်ပိုင်း တောင်ကြီး၊ နောင်ဝို၊ ကျိုင်းခမ်း၊ မိုင်းပျဉ်းခရီးစဉ်တွင် ဒု ဗိုလ်ချုပ်မှူးကြီး စိုးဝင်း နယ်မြေခံတပ်များနှင့် တွေ့နေစဉ် (CINCDS)

ထို့ကြောင့် တပ်ဖွဲ့ဝင်နှင့် မိသားစုများအတွင်း အကြမ်းဖက်အဖွဲ့များနှင့် ဆက်သွယ်မှုမရှိစေရေး၊ တပ်တွင်းစည်းလုံးရေး ပျက်ပြားမှုမရှိစေရေး၊ အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ်များ မဖြစ်စေရေး အလေးထား ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ အကြမ်းဖက်အဖွဲ့များနှင့် ဆက်သွယ်ပါက အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းလည်း အဆိုပါ ကြေးနန်းစာတွင် ပါရှိသည်။

CDM ဗိုလ်ကြီးတဦးဖြစ်သူ ကပ္ပတိန်ဇီးရိုးကလည်း အဆိုပါကြေးနန်းစာမှာ အစစ်အမှန်ဖြစ်နိုင်ခြေရှိပြီး ရှေ့တန်း မဆုတ်တမ်း ခံစစ်စခန်းများတွင်ပါ လက်နက်ချထွက်ပြေးမှု ပိုမိုများပြားလာသဖြင့် စစ်ကောင်စီဘက်က အမိန့်စာထုတ် ကန့်သတ်ခြင်း ဖြစ်နိုင်သည်ဟု ဆိုသည်။

၎င်းက "ဒီတပ်တွေက တိုင်းရင်းသားပြည်နယ်တွေမှာ လာတည်ထားတဲ့အတွက် အဲဒီမှာပဲ ဈေးဝယ်တယ်။ သူတို့တွေ မှာ ခင်မင်ရင်းနှီးတဲ့ ဆက်ဆံရေးတွေ ရှိခဲ့တယ်။ တိုင်းရင်းသားတပ်တွေရဲ့ ပတ်လည်ဝန်းရံတာကို ခံရတဲ့အတွက် ဒီတပ်တွေအနေနဲ့ တိုင်းရင်းသားတွေသာ တကယ်တမ်းတိုက်မယ်ဆိုရင် သူတို့တွေ အသက်ရှင်စရာအကြောင်း မရှိဘူး။ စစ်ကူလာမယ်ဆိုလည်း လာတဲ့အချိန်မမီဘူး။ ဒါကြောင့် လာတိုက်မယ်ဆို ကြိုပြောပါ။ စခန်းကို စွန့်ခွာပြီး သူတို့လည်း တခါတည်းပြေးသွားမယ်ဆိုပြီး ညှိထားကြပါတယ် " ဟု ပြောသည်။

အမေရိကန်အခြေစိုက် လုံခြုံရေးဆိုင်ရာကျွမ်းကျင်သူ ဒေါက်တာမီမီဝင်းဘတ်ကလည်း မြန်မာစစ်တပ်တွင် အာဏာ သိမ်းမှု မဖြစ်ခင်ကတည်းက စစ်တပ်ထဲမှ ထွက်ပြေးမှုများရှိနေပြီး အာဏာသိမ်းပြီးနောက်တွင် လူထု၏ အမုန်းတရား ကြောင့် CDM ဘက်ကို ကူးပြောင်းသူများလာခြင်း ဖြစ်ကြောင်း ပြောဆိုသည်။

ထို့ပြင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ၂၀၂၁ ဖေဖော်ဝါရီ ၁ ရက် အာဏာသိမ်းပြီးချိန်မှ စတင်ကာ မြန်မာနိုင်ငံအနှံ့ အပြားတွင် ခုခံဆန့်ကျင်သူများနှင့် တိုက်ပွဲများဆင်နွှဲနေရသဖြင့် စစ်ပန်းမှုဖြစ်နေပြီး ထိုသို့စစ်ပန်းမှုကြောင့် တိုက်ချင် ခိုက်ချင်စိတ် ကျဆင်းနေသည်ဟုလည်း ၎င်းက မှတ်ချက်ပြုသည်။

စစ်တပ်အတွင်း အထက်အောက် ခံစားခွင့်မမျှတမှု၊ အသက်အာမခံမှုများကို မဖြစ်မနေဝယ်ခိုင်းပြီး အသက်အာမခံ ဝယ်ထားသည့် စစ်သားသေဆုံးပါကလည်း အဆိုပါစစ်သား၏ မိသားစုဝင်သည် အသက်အာမခံကြေးမရရှိမှု စသည့် အဂတိလိုက်စားမှုများသည် မြန်မာစစ်တပ်အတွင်း ရှိနေကြောင်း ၎င်းက ပြောပြသည်။

"စစ်တပ်မှာက အဂတိလိုက်စားမှုရယ်၊ အကြောက်တရားရယ်၊ မမျှတတာရယ် အားလုံးပေါင်းပြီး ခြုံပြီးကြည့်ရင် ဒီအဖွဲ့ ကြီးတခုက Professional စစ်တပ်လည်း မဟုတ်တော့ဘူး။ နောက်တခုက သူတို့ရဲ့ Performance၊ Effectiveness ကလည်း အများကြီး ဆုံးရှုံးတယ်။ ကျတယ် " ဟု ဒေါက်တာမီမီဝင်းဘတ်က မှတ်ချက်ပြုသည်။

စစ်ခေါင်းဆောင်များ၏ မိန့်ခွန်းများကို လေ့လာကြည့်ပါကလည်း စစ်တပ်အတွင်း ယိုင်နဲ့မှုများ ဖြစ်ပေါ်နေသည်ကို တွက်ဆနိုင်သလို စစ်သားအများစုသည် စစ်ကောင်စီဘက်က တင်းကျပ်ကန့်သတ်မှုများကြောင့် ရုပ်ခန္ဓာအရ CDM မလုပ်နိုင်သော်လည်း စိတ်ပိုင်းဆိုင်ရာအရ CDM လုပ်သွားကြသဖြင့် စစ်တပ်အတွင်းမှ တော်လှန်ရေးအင်အားစုများ သို့ သတင်းအချက်အလက် ပေးနေသည့် ဖရဲသီးများရှိနေခြင်း ဖြစ်ကြောင်း ၎င်းက သုံးသပ်သည်။

၎င်းက "သူတို့ နှစ်ပေါင်းများစွာ စစ်တပ်ကို Professional မဖြစ်အောင် လုပ်ထားတယ်။ နှစ်ပေါင်းများစွာ Corruption (အဂတိလိုက်စားမှု) ရှိနေတာတွေကို မထိန်းဘူး။ ဒါတွေက သက်ရောက်နေတာ။ နောက်တခုက စစ်တပ်ထဲမှာ အသစ်တွေက Criminal (ရာဇဝတ်သား)တွေ၊ လူဆိုးတွေပေါ့။ လူဆိုးရှိတဲ့ စစ်တပ်ဆိုတာက ထိန်းသိမ်းရတာလွယ် တာ မဟုတ်ဘူး" ဟု မှတ်ချက်ပြုသည်။

ထို့ကြောင့် စစ်ခေါင်းဆောင်များ အနေဖြင့် တပ်တွင်းစည်းရုံးရေးကို အာရုံစိုက်လုပ်နေသော်လည်း အောင်မြင်နိုင်ခြေ နည်းသည်ဟု ဒေါက်တာမီမီဝင်းဘတ်က ဆိုသည်။ ။

https://burma.irrawaddy.com/article/2022/04/12/251258.html

---------------------------------------------------------------------------------------------------------------------

## စစ်ကောင်စီတပ်၏ စစ်ရေးလှုပ်ရှားမှုများကြောင့် ပူတာအိုဒေသရှိ စစ်ရှောင်စခန်းများ ဖျက်သိမ်းခြင်း မပြုသေး

By အဂမ် (ကချင်မြေ) | 12 April 2022

တစ်လကျော်ကြာ စစ်ဘေး တိမ်းရှောင် ခဲ့ရသည့် ပူတာအို ဒေသမှ ပြည်သူများ အနေဖြင့် လက်ရှိ နေရပ်တွင် ပြန်လည် နေထိုင်နေပြီဖြစ် သော်လည်း စစ်ကောင်စီတပ်၏ စစ်ရေး လှုပ်ရှားမှု များကြောင့် ယာယီ စစ်ရှောင်စခန်းများ ဖျက်သိမ်းခြင်း မရှိသေးကြောင်း ဒေသခံများထံက သိရသည်။

စစ်အာဏာသိမ်း တစ်နှစ်ပြည့်သည့်နေ့ ယခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့က စပြီး ပူတာအို ဒေသတွင် တိုက်ပွဲများ ဖြစ်ပွားခဲ့သည့် အတွက် လုံရှာယာန်၊ ဆွမ်ပီယာန်နှင့် ဖတ်မာကျေးရွာ အုပ်စုတွင်းမှ ပြည်သူများ စစ်ဘေးရှောင်ခဲ့ ရသည်။



မတ်လ ၂၁ ရက်မှစပြီး ကချင် ငြိမ်းချမ်းရေး အကျိုးတော်ဆောင်အဖွဲ့ (PCG)၊ ကချင်ပြည်နယ် အခြေစိုက် ခရစ်ယာန်များ ကောင်စီ (MCC) နှင့် ကချင်အမျိုးသား အတိုင်ပင်ခံအဖွဲ့(WMR) စသည့် အဖွဲ့အစည်းများ ညှိနှိုင်းပေးခဲ့၍ စစ်ရှောင် ပြည်သူများ နေရပ်သို့ ပြန်လည် နေထိုင်နေခြင်း ဖြစ်သည်။

ပူတာအိုဒေသတွင် ဧပြီလ ၅ ရက်နေ့မှစပြီး စစ်ကောင်စီတပ်များ ဖြစ်သည့် တပ်မ(၈၈)၊ (၉၉) နှင့် နယ်မြေခံ တပ်ရင်း (၁၃၈) မှ ပူးပေါင်း တပ်ဖွဲ့ အင်အား ၂၀၀ ကျော်က စစ်ရေး လှုပ်ရှားနေကြောင်း ဒေသခံများထံက သိရသည်။

ယင်း စစ်ရေး လှုပ်ရှားမှုများကြောင့် လုံခြုံရေး အတွက် စိတ်ချရသည့် အာမခံချက် မရှိ၍ နေရပ် ပြန်လည် နေထိုင်ပြီ ဖြစ်သော်လည်း တောအတွင်းရှိ ယာယီ စစ်ရှောင်စခန်း နေရာများ ၊ ပစ္စည်းများ ရုတ်သိမ်းခြင်း မရှိကြောင်း ဆိုသည်။



လက်ရှိ ရွာအတွင်း နေထိုင်သည့် ပြည်သူများကို ည ၆ နာရီ နောက်ပိုင်း နေအိမ်အတွင်းသာ နေထိုင်ကြရန် စစ်ကောင်စီတပ်သားများက ပြောဆိုထားကြောင်း စုံစမ်း သိရှိရသည်။

ဧပြီလ ၃ ရက်နေ့က ပူတာအိုဒေသ တန်ဂျာကျေးရွာ အနီးရှိ ကချင်လွတ်လပ်ရေး တပ်မတော် (KIA) တပ်စခန်း အနီးသို့ စစ်ကောင်စီတပ်များ ထိုးစစ်ဆင်လာ သောကြောင့် နှစ်ဖက် တိုက်ပွဲ ဖြစ်ပွားခဲ့ သေးသည်။

https://www.mizzimaburmese.com/article/104339

-----------------------------------------------------------------------------------------------------------

## သဃ်န်းညီနောင်အနီး စစ်ကောင်စီကင်းစခန်းကိုKNLA သိမ်းပိုက်၊ကော့ကရိတ်တွင် ရဲ ၂ ဦး ပစ်သတ်ခံရ

Published By DVB | 12 April, 2022



ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ သဃ်န်းညီနောင်မြို့အနီး စစ်ကောင်စီတပ် ၃၅၅ စခန်းရဲ့ အရှေ့ထွက်ကင်းစခန်းတခုကို ဧပြီ ၁၂ ရက် ဒီနေ့ မနက် ၅ နာရီလောက်မှာ ဝင်ရောက် စီးနင်း သိမ်းပိုက်လိုက်တယ်လို့ KNLA တပ်ဖွဲ့ထံက သိရပါတယ်။

စစ်ကောင်စီတပ်စခန်းဖြစ်တဲ့ ၃၅၅ စခန်းကို လုံခြုံရေးယူထားတဲ့ ရှေ့ထွက်ယာယီစခန်းမှာ စစ်ကောင်စီတပ်အင်အား ၂၀ လောက်လုံခြုံရေးယူထားစဉ် KNLA စစ်ကြောင်းမှူး ဗိုလ်စောကော်ကေထူး ဦးဆောင်တဲ့ တပ်ဖွဲ့က ဝင်ရောက်သိမ်းပိုက်လိုက်တာပါ။

တိုက်ပွဲမှာ လက်နက်ကြီး လက်နက်ကြီးတွေ စတင်ပစ်ခတ်ပြီး မိနစ်ပိုင်းအတွင်း ဝင်ရောက် KNLA က အလွယ်တကူသိမ်းပိုက်နိုင်ခဲ့ပြီး စစ်ကောင်စီတပ်ထံက ၆၀ မမ တလက်၊ ၆၀ မမကျည် (၁၂)လုံး၊ MA1 တလက်နဲ့ MA1 ကျည်ဘောက် ၄ ခု၊ ကျည်ဆန် ၁၀၀ ၊ 9MM တလက်၊ စကားပြောစက်တလုံးနဲ့ တခြားဆက်စပ်ပစ္စည်းတွေ သိမ်းဆည်းရမိခဲ့ပါတယ်။

တိုက်ပွဲမှာ စစ်ကောင်စီတပ်သားတွေ ထိခိုက်သေဆုံးမှုရှိမရှိ မသိရသေးပါဘူး။ KNLA စစ်ကြောင်းတပ်ဖွဲ့ကတော့ ထိခိုက်မှုမရှိဘဲ စခန်းကနေ ပြန်ထွက်ခွာနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

ဧပြီ ၁၂ ရက် ဒီနေ့မနက် ၁၁ နာရီ မိနစ် ၄၀ လောက်ကလည်း ကော့ကရိတ်မြို့ အမှတ် ၇ ရပ်ကွက် ဝါဆိုဦးဘုန်းတော်ကြီးကျောင်းလမ်းထောင့်မှာရှိတဲ့ စစ်ကောင်စီလက်အောက်ခံ ရဲတပ်ဖွဲ့ဝင် ၂ ယောက်ကို ဆိုင်ကယ်နဲ့ သွားရောက် သေနတ်နဲ့ ပစ်သတ်လိုက်တယ်လို့ KNLA တာဝန်ရှိသူက ပြောပါတယ်။

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့နယ်၊ ကော့ကော်မြို့သစ်မှာလည်း အခုရက်တွေအတွင်း စစ်ကောင်စီတပ်တွေနဲ့ KNLA ပူးပေါင်းအဖွဲ့တွေအကြား တိုက်ပွဲတွေဆက်တိုက် ဖြစ်ပွားနေပါတယ်။

https://burmese.dvb.no/archives/527348

-----------------------------------------------------------------------------------------------------

## ပင်းတယမြို့မှ ကရင်နီစစ်ဘေးရှောင်များ စိုးရိမ်စိတ်များနှင့် နေရပ်ပြန်

By SHAN - April 12, 2022

သျှမ်းပြည်တောင်ပိုင်း ပင်းတယမြို့နယ်အတွင်းရောက်ရှိနေသည့် ကရင်နီစစ်ဘေးရှောင်များသည် စိုးရိမ်စိတ်များ စွာဖြင့် နေရပ်သို့ ပြန်သွားကြောင်း သတင်းသိရသည်။




ပင်းတယ

ပြီးခဲ့သည့် ဧပြီလ ၁၀ နှင့် ၁၁ ရက်နေ့တို့တွင် ပင်းတယမြို့နယ်ရောက် ကရင်နီစစ်ရှောင်များတချို့သည် နေရပ်ပြန်လိုသည့်အတွက်ကြောင့် ဒေသတွင်း ပရဟိတသမားများ ပူးပေါင်းပြီး စစ်ရှောင်များကို နေရပ်ပြန်ပို့ပေးကြောင်း လူမှုကူညီရေးအသင်းဝင်တစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

"စစ်ရှောင်တချို့က နေရပ်ပြန်ကြတယ်ဆိုလို့ ကျနော်တို့နဲ့ တခြားပရဟိတတွေပေါင်းပြီးတော့ စစ်ရှောင်တွေကို နေရပ်ပြန်ပို့ပေးကြပါတယ်၊ ကျနော်တို့က စစ်ရှောင်တွေကို ဆောင်းပြောင်းအထိပဲပို့ပေးနိုင်ပါတယ်၊

ကျန်တာကတော့ ဖယ်ခုံနဲ့ မိုးဗြဲဘက်က တခြားလူမှုရေးအသင်းတွေကို လာကြိုခိုင်းရတာပေါ့ ” ဟု အထက်ပါ လူမှုကူညီရေး အသင်းဝင်က သျှမ်းသံတော်ဆင့်ကို ပြောသည်။

နေရပ်ပြန်သည့် စစ်ရှောင်များအနက် တချို့စစ်ရှောင်များအတွက် စားနပ်ရိက္ခာများကိုလည်း ထောက်ပံ့ ပေးရကြောင်း စစ်ရှောင်များကို နေရပ်ပြန်ပို့ပေးသည့် ပရဟိတသမားများထံမှ သိရသည်။

“ပြန်တဲ့ စစ်ရှောင်တွေထဲက တချို့ဆို ဆန်လည်းမရှိလို့ ဆန်အိတ်တွေနဲ့ တခါတည်း ပို့ပေးရတာရှိတယ်၊ ပြီးတော့ မရှောင်လာနိုင်ဘဲ ဖယ်ခုံမြို့ထဲက ဘုန်းကြီးကျောင်းမှာ ရှိတဲ့ စစ်ရှောင်တွေအတွက်လည်း ရိက္ခာတွေ ပို့ပေးရတာ ရှိတယ်၊ ဒီပြန်သွားတဲ့ စစ်ရှောင်တွေက အများစုက ဖယ်ခုံ၊ မိုးဗြဲဘက်ဖြစ်ပါတယ် ” ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ပင်းတယမြို့ထဲ ရောက်ရှိနေသည့် ကရင်နီ စစ်ရှောင် ၆၀၀ ကျော်အနက် တိုက်ပွဲငြိမ်သက်နေသည့် ဒေသများမှ စစ်ရှောင် ၂၀၀ ခန့်က နေရပ်ပြန်သွားကြခြင်း ဖြစ်ကြောင်းသိရသည်။

“နယ်မြေငြိမ်တဲ့ ဒေသက သူတွေပဲ ပြန်ကြတာပေါ့၊ တချို့ဒေသက ရွာထဲ တိုက်ပွဲမဖြစ်ပေမဲ့ ရွာအနီးမှာတော့ တိုက်ပွဲဖြစ်နေသေးလို့ စိုးရိမ်စိတ်တော့ ရှိတာပေါ့နော်၊ ဒါပေမဲ့ အိမ်ကိုလည်း ပြန်ချင်နေကြတယ်ဆိုတော့ စိုးရိမ် စိတ်တွေနဲ့ သူတို့ကို ပြန်ပို့ပေးရတယ်၊ အခုက ၂၀၀ ကျော်ပြန်သွားပြီ ” ဟု လူမှုကူညီရေးအသင်းဝင်က သျှမ်းသံတော်ဆင့်ကို ပြောသည်။

သျှမ်း-ကယားနယ်စပ် ဖယ်ခုံ၊ မိုးဗြဲဘက်တွင် တိုက်ပွဲအခြေအနေများ ငြိမ်သက်နေသော်လည်း စစ်ကောင်စီတို့၏ အင်အားဖြည့်တင်းမှုများက ဆက်လက်ရှိနေကြောင်း သိရသည်။

https://burmese.shannews.org/archives/27731

---

## မုံးကိုးမြို့နယ်အတွင်း စစ်ကောင်စီတပ် အင်အားအများအပြားဖြည့်တင်းမှုရှိ

By SHAN - April 12, 2022

သျှမ်းပြည်မြောက်ပိုင်း မူဆယ်ခရိုင် မုံးကိုးမြို့နယ်အတွင်း စစ်ကောင်စီတပ်များ အင်အားအများအပြား ဖြည့်တင်း နေကြောင်း စုံစမ်းသိရှိရသည်။



မုံးကိုး

ယမန်နေ့ (ဧပြီ ၁၁) ရက်တွင် စစ်ကောင်စီမှ လက်နက်အပြည့်တင်ဆောင်လာသည့် စစ်ကား (၁၇) စီး၊ လူအင်အား (၂၄၀) ခန့် တင်ဆောင်လာသည့် ကား (၅) စီး နှင့် ရိက္ခာတင်ဆောင်လာသည့် ကား (၁၀) စီး စုစုပေါင်း (၃၂) စီး မုံးကိုးမြို့နယ်ဘက်သို့ အင်အားဖြည့်တင်းနေကြောင်း မုံးကိုးဒေသခံ အမည်မဖော်လိုသူ အမျိုးသား တစ်ဦး ကပြောသည်။

“လားရှိုးဘက် တက်လာတယ်လို့ကြားတယ်။ (၂၀) ကျော်က လောက်ကိုင်ဘက် သွားတယ်လို့ကြားတယ်။ အစီး (၅၀) လောက်က နမ့်အွမ် ဘက်သွားပြီးတော့ မနေ့ကတော့ (၃၂) စီးလောက် ဒီဘက် တက်လာတယ် ” ဟု မုံးကိုးဒေသခံ တစ်ဦးက သျှမ်းသံတော်ဆင့် ကိုပြောသည်။

ထို စစ်အင်အားဖြည့်တင်းလာသည့် စစ်ကောင်စီလက်အောက်ခံ တပ်မ (၇၇) နှင့် တပ်မ (၉၉) တို့ဖြစ်ကြောင်း သိရသည်။

“စစ်ကောင်စီဘက်က မုံးကိုးမြို့နယ်ကို ပြန်ပြီးအုပ်ချုပ်လို့ရအောင် ထင်တယ်။ ကိုးကန့် နဲ့ တိုက်ပွဲဖြစ်နေတုန်းပဲ။ ကြီးကြီးမားမားတော့မရှိသေးဘူး။ ဒါမှမဟုတ် သူတို့ တပ်သားတွေကို အပြောင်းအရွှေ့ လုပ်တာလဲဖြစ်နိုင်တယ်” ဟု မုံးကိုးဒေသခံ အမျိုးသား တစ်ဦးကပြောသည်။

မုံးကိုးမြို့နယ်အတွင်း စစ်ကောင်စီ နှင့် MNDAA တို့ စစ်ရေးတင်းမာမှုရှိပြီး တိုက်ပွဲများ မကြာခဏ ဖြစ်ပွားသည့် နေရာဒေသ ဖြစ်သည်။

တိုက်ပွဲကြောင့် မုံးကိုးမြို့ပေါ်ရှိ စစ်ဘေးရှောင်များ (၈၀၀) ကျော်ခန့်ရှိပြီး ကျေးရွာ ၇ ရွာမှ ဒေသခံများအတွက် ဆန် နှင့် စားနပ်ရိက္ခာများ ပြတ်လပ်မှုများလည်း ကြုံခဲ့ကြောင်း သိရှိရသည်။

မုံးကိုးမြို့အတွင်းတွင် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်ဩဂုတ် လကုန်ပိုင်းမှ စတင်ပြီး ယနေ့ချိန်ထိ စစ်ကောင်စီ နှင့် တပ်ဖွဲ့ နှင့် ကိုးကန့် MNDAA တပ်ဖွဲ့တို့အကြား တိုက်ပွဲပြင်းထန်ခဲ့သောကြောင့် ဒေသခံကျေးရွာ ၇ ရွာမှ ပြည်သူ ၈၀၀ ခန့်က မုံးကိုးမြို့ပေါ်ရှိ ဘာသာရေးဘုရားကျောင်း နှင့် ဘုန်းကြီးကျောင်းများတွင် ယနေ့ချိန်ထိ ထွက်ပြေးတိမ်းရှောင်နေရသည်။

https://burmese.shannews.org/archives/27734

------------------------------------------------------------------------------------------------------------------

## သိန္နီစော်ဘွားဟော်နန်းကို စစ်ခေါင်းဆောင်ပိုင်ဟော်နန်းဖြစ်သွားမှာ ဒေသခံများစိုးရိမ်

Published By DVB | 12 April, 2022



ရှမ်းပြည်မြောက်ပိုင်း၊ သိန္နီမြို့မှာ စစ်ကောင်စီရဲ့ အကူအညီအထောက်အပံ့ယူ တည်ဆောက်နေတဲ့ သိန္နီစော်ဘွားကြီးရဲ့ဟော်နန်းကို အာဏာသိမ်းစစ်ခေါင်းဆောင်ပိုင်တဲ့ ဟော်နန်းဖြစ်သွားမှာ စိုးရိမ်တယ်လို့ ရှမ်းလူငယ်တက်ကြွသူတွေနဲ့ မြို့ခံပြည်သူတွေက ပြောပါတယ်။

ဧပြီ ၉ ရက်က ကျပ်သိန်း ၃၀၀၀ အကုန်အကျခံကာ ပြန်လည်တည်ဆောက်နေတဲ့ သိန္နီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်းရဲ့ ဟော်နန်းတော်(ဟော်ခမ်းသျှမ်းဝီ)ပြန်လည်တည်ဆောက်ရေးလုပ်ငန်းခွင်ကို စစ်ခေါင်းဆောင် သွားရောက်ကြည့်ရှုပြီးနောက်ပိုင်း ဝေဖန်မှုတွေနဲ့အတူ စိုးရိမ်နေကြတာပါ။

အဆိုပါ ဟော်နန်းတည်ဆောက်ရေးအတွက် အလှူငွေလက်ခံရေးနဲ့ပတ်သက်ပြီး သက်ကြီးစာပေရှင်တွေ၊ တာဝန်ရှိသူတွေနဲ့ မြို့ခံပြည်သူတွေရဲ့ ဆန္ဒသဘောထားခံယူတာ၊ ဆွေးနွေးချပြတာမရှိသလို မြို့ခံပြည်သူတွေရဲ့သဘောထားမပါဝင်ဘဲ သိန္နီမြို့လယ်ကျောင်းဆရာတော်၊ ရှမ်းစာပေယဉ်ကျေးမှုနဲ့ တည်ဆောက်ရေးကော်မတီ တာဝန်ရှိသူတချို့က အလှူငွေလက်ခံရယူဆောင်ရွက်ခဲ့တာလို့ ဆိုပါတယ်။

ရှမ်းလူငယ်တက်ကြွသူတစ်ဦးက “ အခု ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့ထဲမှာကို သဘောထားတွေကွဲနေတယ်။ လူကြီးပိုင်းတွေက အလှူရတာကို သဘောကျတယ်။ ရှမ်းလူငယ်တက်ကြွလှုပ်ရှားသူအများစုက မကျေနပ်ကြဘူး။ ဟော်နန်းသမိုင်းပျောက်မှာဆိုလို့။ နောင်တချိန် မင်းအောင်လှိုင်ဟော်နန်းဖြစ်မှာစိုးရိမ်တာ။ သိန်း ၃၀၀၀ က တကယ်ကြိုးစားရှာရင် ရနိုင်ပါတယ်။ မြို့ခံတွေရဲ့ သဘောထား မပါဘဲလုပ်ဆောင်ခဲ့တာ”လို့ဆိုပါတယ်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၅ ရက်ကစတင်ပြီး ဟော်နန်းပြန်လည်တည်ဆောက်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့တာဖြစ်ပြီး၊ ဟော်နန်းအဆောက်အဦအသစ်ကို ရပ်ကွက် ၃ အတွင်းရှိ မူလအဆောက်အဦးဟောင်းတည်ရှိရာ မြေနေရာရဲ့ ၆၃ ပေအကွာမှာ တည်ဆောက်နေတာပါ။

အဆိုပါ ဟော်နန်းတည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုအခြေအနေမှာ ၇၀ ရာခိုင်နှုန်းပြီးစီး နေပြီဖြစ်သလို  လုပ်ငန်းဆောင်ရွက်နေမှုတွေကို အပြင်လူတွေဝင်ရောက် လေ့လာကြည့်ရှုခွင့် ကန့်သတ်ထားပြီး သွပ်တွေနဲ့လုံခြုံအောင်ကာရံထားတယ်လို့ ရပ်ကွက်နေပြည်သူတွေက ပြောပါတယ်။

သိန္နီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်းရဲ့ ဟော်နန်းတော်ပြန်လည်တည်ဆောက်ရာမှာ မြို့ခံလူထုတွေရဲ့သဘောထားတွေနဲ့ ပတ်သက်ပြီး သိန္နီမြို့ ရှမ်းစာပေယဉ်ကျေးမှု ဥက္ကဋ္ဌ ဦးစိုင်းမြင့်ထွန်းနဲ့

အတွင်းရေးမှူး ဒေါ်နန်းမွန်းစိန်တို့ကို ဆက်သွယ်မေးမြန်းရာမှာ တည်ဆောက်ရေးပူးပေါင်းကော်မတီကိုသာ ဆက်သွယ်မေးမြန်းဖို့ ပြန်လည်ပြောဆိုခဲ့ပါတယ်။

သမိုင်းဝင် အဆောက်အဦတွေ၊ ဘာသာရေးအဆောက်အဦတွေကို မူလပုံစံမပျက် ပြုပြင်ထိန်သိမ်းခြင်းအားဖြင့် မိမိတို့နိုင်ငံရဲ့ သမိုင်းအစဉ်အလာကြီးမားမှုကို ဖော်ပြနိုင်မှာဖြစ်လို့ သမိုင်းအစဉ်အလာကြီးမားခဲ့တဲ့ သိန္နီစော်ဘွားကြီးရဲ့ ဟော်နန်းကို ပြန်လည်တည်ဆောက်ပေးတာလို့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဆိုပါခရီးစဉ်မှာပြောကြားခဲ့တယ်လို့ အုပ်ချုပ်ရေးအဖွဲ့နဲ့ နီးစပ်သူဆီက သိရပါတယ်။

အဆိုပါ ဟော်နန်းကို ၁၉၁၀ ခုနှစ် ၊ သက္ကရာဇ် ၁၂၇၂ ခုနှစ်တွင် ဒသဓမ္မရာဇာ နိဂြောဓာမဟာမင်းခေါင်ဘွဲ့ တော်ရ သိန္နီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်းက ကြီးကျယ်ခမ်းနားပြီး ထည်ဝါတဲ့ ဟော်နန်းအသစ်ကြီးကို တည်ဆောက်ခဲ့ရာက ၊ ၁၉၄၄ ခုနှစ်မှာ အမေရိကန် စစ်လေယာဉ်တွေက သိန္နီမြို့ကို ဗုံးကြဲတိုက်ခိုက်ခဲ့တဲ့အတွက် ဟော်နန်းတော်ကြီး မြေခပျက်ဆီးခဲ့တယ်လို့ သမိုင်းအထောက်အထားအရ သိရပါတယ်။

https://burmese.dvb.no/archives/527220

-----------------------------------------------------------------------------------------------

## အာဏာသိမ်းပြီးနောက် အိုးအိမ်စွန့်ထွက်ပြေးရသူ မြန်မာ ၉ သိန်းကျော်ပြီ (ကုလပြောခွင့်ရDujarric)

၁၂ ဧပြီ၊ ၂၀၂၂ | ဗွီအိုအေမြန်မာပိုင်း

မြန်မာနိုင်ငံမှာ လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေ ဆုတ်ယုတ်ကျဆင်းလာနေပြီး အထူးသဖြင့်တော့ နိုင်ငံ အရှေ့တောင်ပိုင်းနဲ့ အနောက်မြောက်ပိုင်းမှာ လက်ရှိ တိုက်ပွဲတွေကြောင့် အရပ်သားတွေ ဒုက္ခရောက်နေဆဲ ဖြစ်ကြောင်း မြန်မာ ဆိုင်ရာ ကုလသမဂ္ဂ အဖွဲ့က ပြောဆိုထားပါတယ်။

ပြီးခဲ့တဲ့နှစ် ဖေဖော်ဝါရီလမှာ စစ်တပ်က အာဏာသိမ်းပြီးနောက် ပေါ်ပေါက်လာတဲ့ ပဋိပက္ခတွေကြောင့် အိုးအိမ်စွန့်ထွက်ပြေးနေရဆဲ ဖြစ်တဲ့ လူပေါင်း ၅၆၀,၀၀၀ ကျော်အပါအဝင် နိုင်ငံတဝန်း အိုးအိမ်စွန့် ထွက်ပြေးရသူ အမျိုးသား၊ အမျိုးသမီးနဲ့ ကလေးငယ် ၉၀၀,၀၀၀ ကျော် ရှိနေပါတယ်။ မြန်မာနိုင်ငံတွင်းကနေ လူပေါင်း ၃၅,၇၀၀ တို့ကတော့ အိမ်နီးချင်း နိုင်ငံတွေကို ထွက်ပြေးခဲ့ကြကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီ UNHCR က ခန့်မှန်းထားကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ ပြောခွင့်ရ Stephane Dujarric က တနလာနေ့ နယူးယောက် ကုလသမဂ္ဂ ရုံးချုပ် သတင်းစာ ရှင်းလင်းပွဲမှာ ပြောဆိုခဲ့တာပါ။

အကူအညီပေးဖို့ လိုအပ်သူ စံချိန်တင် အရေအတွက် ဖြစ်တဲ့ လူပေါင်း ၆ ဒသမ ၂ သန်းကို ကူညီနိုင်ရေး ၂၀၂၂ ခုနှစ် လူသားချင်းစာနာမှု ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေး အစီအစဉ် အတွက် ရန်ပုံငွေ ဒေါ်လာ ၈၂၆ သန်းလိုအပ်နေကြောင်း၊ ဒီကနေ့ အချိန်ထိ ၄ ရာခိုင်နှုန်းဘဲ ထည့်ဝင်ထားသေးကြောင်းလည်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ ပြောခွင့်ရက ပြောပါတယ်။

မြန်မာပြည်သူတွေနဲ့ ညီညွတ်စွာ ရပ်တည်ပြီး သူတို့ဘဝ ဘေးကင်းလုံခြုံရေး၊ ဂုဏ်သိက္ခာနဲ့ အညီ နေထိုင်နိုင်ရေးနဲ့ ခက်ခက်ခဲခဲ ရယူထားရတဲ့ တိုးတက်မှုတွေကို ထိန်းသိမ်းထားနိုင်ရေး အတွက် အခွင့်အရေး ပေးချိန်မှာ အလှူရှင်တွေဘက်က ရက်ရက်ရောရော ထည့်ဝင်လှူဒါန်းကြဖို့လည်း ကုလသမဂ္ဂက ပန်ကြားထားပါတယ်။

https://burmese.voanews.com/a/un-team-there-remains-alarmed-by-the-deteriorating-humanitarian-situation/6525265.html

---------------------------------------------------------------------------------------------------------